# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၁၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ်(၂၅၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သုမင်္ဂလာဈေး(ညတောဈေး) အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်ဒေသ ရေဖူလုံစွာရရှိရေး၊ ပညာရေးကဏ္ဍမြင့်မားရေး၊ သာယာလှပရေး ဆောင်ရွက်ထားရှိမှု လိုက်လံကြည့်ရှုစစ်ဆေး

## ပြင်ဦးလွင်ဒေသတွင် သစ်ပင်ပန်းမန်များဖြင့် အစဉ်အမြဲသာယာလှပစေရေးနှင့် သစ်ပင်များအား အကြောင်းမဲ့ ခုတ်ထွင်ခြင်းများ မပြုလုပ်စေရေးအတွက် By Law များဖြင့် ထိန်းသိမ်းဆောင်ရွက်

နေပြည်တော် ဇွန် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်ဒေသ ရေဖူလုံစွာရရှိရေး၊ ပညာရေးကဏ္ဍ မြင့်မားရေးနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ❍*





❍ ရှေ့ဖုံးမှ

## ဆင်လမ်းရေလှောင်တမံ ရေပိုမိုသိုလှောင်ထားရှိနိုင်ရေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆင်လမ်းရေလှောင်တမံသို့ ရောက်ရှိကြပြီး ပြင်ဦးလွင်ဒေသ ရေဖူလုံရေးအတွက် ရေလှောင်တမံအား အဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့်တာဝန်ရှိသူများက ဆင်လမ်းရေလှောင်တမံ ရေပိုလွှဲအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ရေလွှမ်းခြုံပေးဝေနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် ရေပိုလွှဲနေရာ၌ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိနှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာသင်ခန်းများအတွင်း ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားနေမှုအခြေအနေများ၊ ကျောင်းစာကြည့်တိုက်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**◆ မိမိတို့နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် မတည်မငြိမ်မှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကို ကြည့်မည်ဆိုပါက ပညာရေးအားနည်းသည့်ဒေသများ၌ ပိုမိုဖြစ်ပွားသည်ကို တွေ့ရှိရမည်၊ အတန်းပညာတတ်မြောက်မှုအားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှုအားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်ပြီး ဒေသနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝများကိုပါ ထိခိုက်လာ၊ ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးနေရသည့် ကလေးငယ်များအား အတန်းပညာသင်ကြားပေးခြင်းအပြင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိစေမည့် အသိပညာနှင့် အတွေးအမြင်များကို သင်ကြားပေးရမည်**

## "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်း"က ဟူသည့်ဆောင်ပုဒ်နှင့်အညီ အနာဂတ်နိုင်ငံတော်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရမည်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောင်းစုံညီခန်းမ၌ ဆရာ ဆရာမများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်း"ကဟူသည့်အတိုင်း ကျောင်းသား ကျောင်းသူများ၏ အတန်းပညာတတ်မြောက်ရေးအပြင် စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ရေးအတွက်ကိုလည်း သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ ဆရာမများက ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စာရင်းကောက်ယူထားရှိသည့် ကိန်းဂဏန်းအချက်အလက်များ မိမိတို့နိုင်ငံအနေဖြင့် ပညာရေးအားပေးမြှင့်တင်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များကို ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိနှင့် ဆရာ ဆရာမများထံ ပေးအပ်စဉ်။

ရန် လိုအပ်ချက်များစွာရှိနေဆဲဖြစ်ပြီး လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်မှာ ပညာရေးအားနည်းလျက်ရှိနေကြောင်း၊ ကလေးငယ်များအား မိဘများအနေဖြင့် သွန်သင်ဆုံးမပေးမှုများရှိသကဲ့သို့ ဆရာ ဆရာမများကလည်း သွန်သင်ပေးမှုများရှိကြောင်း၊ ငယ်စဉ်ကလေးဘဝတွင် ကျောင်းတက်ရသည့်အချိန်များသဖြင့် ဆရာ ဆရာမများ၏ သွန်သင်ဆုံးမပေးမှုကို ပိုမိုရရှိကြကြောင်း၊ ကျောင်းလုံးဝမနေဖူးသူများအနေဖြင့် ဆရာ ဆရာမများ၏ သွန်သင်မှုအောက်တွင် နေခဲ့ရခြင်းမရှိခဲ့ကြောင်း၊ အတန်းပညာသင်ကြားပေးရမည်ဖြစ်သကဲ့သို့ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်များ မြင့်မားစေရေးတို့အတွက်လည်း ဆရာ ဆရာမများအနေဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရေး၊ အမျိုးသားရေးစိတ်ဓာတ်မြင့်မားရေးသည် အဓိကအရေးကြီးကြောင်း။

မိမိတို့နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် မတည်မငြိမ်မှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကို ကြည့်မည်ဆိုပါက ပညာရေးအားနည်းသည့်ဒေသများ၌ ပိုမိုဖြစ်ပွားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အတန်းပညာတတ်မြောက်မှုအားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှုအားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်ပြီး ဒေသနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝများကိုပါ ထိခိုက်လာစေကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးနေရသည့် ကလေးငယ်များအား အတန်းပညာသင်ကြားပေးခြင်းအပြင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိစေမည့် အသိပညာနှင့် အတွေးအမြင်များကို သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ငယ်စဉ်ကလေးဘဝကတည်းက စနစ်တကျဖြင့် နေထိုင်သွားလာတတ်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လိမ္မာယဉ်ကျေးမှုရှိစေရေး သင်ကြားလေ့ကျင့်ပေးမှသာလျှင် အနာဂတ်ဘဝလမ်းတစ်လျှောက်၌ သာယာကောင်းမွန်သည့် လူမှုဘဝကို ရရှိစေမည်ဖြစ်ကြောင်း။

ကျောင်းစာကြည့်တိုက်နှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများ၏ အသက်အရွယ်နှင့် ကိုက်ညီသည့် စာအုပ်များထားရှိရန်လိုပြီး ကျောင်းသား ကျောင်းသူများနှင့် မသက်ဆိုင်သည့် စာအုပ်၊ စာပေများ မထားရှိရန်လိုကြောင်း၊ ကျောင်းသားကျောင်းသူများ သုတ၊ ရသစာပေများဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာ အတတ်ပညာများတိုးပွားလာပြီး ၎င်းတို့ဘဝအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အတန်းပညာကို သင်ကြားမှုမှ ရရှိသကဲ့သို့ အသိပညာအား စာအုပ်စာပေများဖတ်ရှုခြင်းမှ ရရှိနိုင်ကြောင်း၊ ကလေးငယ်များကို သင်ကြားလေ့ကျင့်ပေးရသည့်သူများဖြစ်သည့် ဆရာ ဆရာမများအနေဖြင့်လည်း အသိပညာများပြည့်ဝစေရေး စာပေဖတ်မှတ်လေ့လာခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်စေလိုကြောင်း၊ မိမိတို့တာဝန်ယူထားရသည့် ဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားလေ့ကျင့်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ မိမိတို့ကြုံတွေ့ခဲ့ရသည့် ဘဝအတွေ့အကြုံများ၊ စာပေဖတ်မှတ်ခြင်းမှရရှိခဲ့သည့် အသိအမြင်များကိုလည်း ကလေးငယ်များထံသို့ မျှဝေပေးနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနိုင်မှသာလျှင် မိမိတို့နိုင်ငံ၏အနာဂတ်ကို ဦးဆောင်ကြမည့် အနာဂတ်မျိုးဆက်သစ် လူသားအရင်းအမြစ်ကောင်းများကို ပိုမိုမွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း ပညာရေးကို ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်လျက်ရှိပြီး သင်ကြားရေးဝန်ထမ်းများအတွက်လည်း ဝတ်စုံစရိတ်များ၊ အိမ်ငှားခများ၊ ထောက်ပံ့ကြေးများ၊ ပညာရပ်ပိုင်းဆိုင်ရာ ချီးမြှင့်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနေခြင်းမှာ သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ပျော်ပျော်ရွှင်ရွှင်ဖြင့် ကျေပွန်စွာ၊ အာရုံစူးစိုက်မှုအပြည့်ရှိစွာဖြင့် ထမ်းဆောင်စေလို၍ဖြစ်ကြောင်း၊ အနာဂတ်တိုင်းပြည်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့်၊ အရည်အသွေးပိုမိုကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး ဆရာ ဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံး

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန်လိုအပ်မည်ဖြစ်ပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ခွဲခြားသိမြင်ရန်လိုကြောင်း၊ မိမိတို့တာဝန်ယူထားရသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့အရေးကို ကျေပွန်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် အတူတကွ ကြိုးပမ်းဆောင်ရွက်သွားကြသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များကိုပေးအပ်ရာ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိနှင့် ဆရာ ဆရာမများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိကြရာ ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာသင်ခန်းများအတွင်း ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားနေမှုများ၊ မွေးမြူရေးအတတ်ပညာ၊ စိုက်ပျိုးရေးအတတ်ပညာနှင့် စက်မှုနည်းပညာ စာသင်ခန်းမများအတွင်း သင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး)အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးက ပြင်ဦးလွင်ဒေသ သန့်ရှင်းသာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြို့ရေရရှိရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်တွင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရတနာပုံမြို့သစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ လုပ်ငန်းဆောင်ရွက်မှုများ ရပ်ဆိုင်းခဲ့ရမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။**

## ပြင်ဦးလွင်မြို့၏ သမိုင်းကြောင်းစဉ်လာနှင့် ဂုဏ်ဒြပ်ကောင်းများကို ဆက်လက်လက်ဆင့်ကမ်း ထိန်းသိမ်းဆောင်ရွက်သွားရမည်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြင်ဦးလွင်မြို့ကို ယခင်ကတည်းကပင် ပန်းမြို့တော်၊ ချယ်ရီမြို့တော်၊ တောင်လေကားမြို့တော် စသည်ဖြင့် တင်စားခေါ်ဝေါ်ခဲ့ကြကြောင်း၊ ထိုသို့ခေါ်ဆိုမှုများနှင့်အညီ ကိုက်ညီသည့်မြို့တော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိအချိန်တွင် ပြင်ဦးလွင်ဒေသ၌ လာရောက်နေထိုင်သူ များပြားလာပြီး မြို့နေလူဦးရေတိုးပွားလာခဲ့ကြောင်း၊ ပြင်ဦးလွင်မြို့သည် သမိုင်းကြောင်းစဉ်လာကြီးမားပြီး နာမည်ဂုဏ်ဒြပ်ကောင်းများနှင့် ပြည့်စုံသည့်မြို့ဖြစ်၍ မိမိတို့အနေဖြင့် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသအတွင်း လာရောက်နေထိုင်သူများပြားလာမှုနှင့်အတူ စည်းကမ်းစနစ်တကျရှိအောင် ကြပ်မတ်ဆောင်ရွက်သွားခြင်းဖြင့် စနစ်တကျရှိပြီး ဖွံ့ဖြိုးတိုးတက်သည့်မြို့ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

ပြင်ဦးလွင်မြို့သည် ပညာရေးနှင့်ပတ်သက်၍လည်း အစဉ်အလာကောင်းများရှိသည့် မြို့တစ်မြို့ဖြစ်ပြီး ပုဂ္ဂလိကကိုယ်ပိုင်အထက်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်မှု၏ အစပျိုးရာ မြို့တစ်မြို့၌ပါဝင်ကြောင်း၊ ပြင်ဦးလွင်မြို့အနေဖြင့်လည်း ၎င်းကဲ့သို့ ပညာရေးဆိုင်ရာ အခြေခံကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်း၍ ပညာရေးမြို့တော်အဖြစ် ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကာ စည်းကမ်းစနစ်တကျရှိသည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို ဆက်လက်မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပညာရေးကောင်းမွန်ရန်အတွက် ကျောင်းသား၊ ဆရာ၊ မိဘတို့ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အပြင် အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း လိုအပ်သည့် ကြီးကြပ်ကွပ်ကဲမှုများဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ပြင်ဦးလွင်ဒေသတွင် သစ်ပင်ပန်းမန်များဖြင့် အစဉ်အမြဲ သာယာလှပစေရေးနှင့် သစ်ပင်များအား အကြောင်းမဲ့ ခုတ်ထွင်ခြင်းများ မပြုလုပ်စေရေးအတွက် By Law များဖြင့် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတကာ၌လည်း သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်းနှင့်ပတ်သက်၍ ဥပဒေများဖြင့် ထိန်းသိမ်းဆောင်ရွက်ကြကြောင်း၊ သစ်ပင်သစ်တောများထိန်းသိမ်းရေးနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနသာမက အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းအသီးသီးတွင်လည်း တာဝန်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသ စိမ်းလန်းသာယာစိုပြည်ရေးအတွက် သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားကြရန်လိုကြောင်း။

**မြေအသုံးချမှုနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းနှင့်ပတ်သက်သည့် ဥပဒေများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပြီး သတ်မှတ်ပေးထားသည့် ခွင့်ပြုချက်များနှင့်အညီသာ ဆောင်ရွက်သွားရန်လို**ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဥပဒေက သတ်မှတ်ပေးထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ **အချို့လမ်းနယ်များ၌ကျူးကျော်၍ မြေအသုံးချမှုများရှိနေပြီး လမ်းမကြီးများဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်**ကြောင်း၊ နိုင်ငံတော်တွင် ပြဋ္ဌာန်းပေးထားသည့် ဥပဒေများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ခဲ့ခြင်းများမရှိသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများကြုံတွေ့ရလျက်ရှိကြောင်း၊ ထို့ကြောင့် ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိကြရန်၊ လိုက်နာကြရန် လိုအပ်မည်ဖြစ်ပြီး မိမိတို့လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသ၌လည်း မြေယာအသုံးချမှုများနှင့်ပတ်သက်၍ သတ်မှတ်ပေးထားသည့် ခွင့်ပြုချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နေသူများရှိသကဲ့သို့ သတ်မှတ်ချက်များကို ကျော်လွန်ချိုးဖောက်၍ အခြားနည်းများဖြင့် မြေယာအသုံးချမှုများလည်းရှိနေကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မြေယာအသုံးချမှုများ စည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အား တာဝန်ယူဆောင်ရွက်ချိန်တွင် ဒီမိုကရေစီလမ်းကြောင်းအပေါ် လျှောက်လှမ်းနေခြင်းကြောင့် ဒီမိုကရေစီစနစ်တွင် ဥပဒေကို သိရှိနားလည်ရန်လိုအပ်သဖြင့် *စာမျက်နှာ ၅ သို့*



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးစဉ်။**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး)အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**❑ မြေအသုံးချမှုနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ၊ မြေလွတ် မြေရိုင်းနှင့်ပတ်သက်သည့် ဥပဒေများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပြီး သတ်မှတ်ပေးထားသည့် ခွင့်ပြုချက်များနှင့်အညီသာ ဆောင်ရွက်**

**❑ အချို့လမ်းနယ်များ၌ ကျူးကျော်၍ မြေအသုံးချမှုများရှိနေပြီး လမ်းမကြီးများဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်**

*စာမျက်နှာ ၄ မှ*

ဌာနဆိုင်ရာအကြီးအကဲများအားလုံးအား ဥပဒေသင်တန်းများ မဖြစ်မနေ တက်ရောက်စေခဲ့ကြောင်း၊ အလားတူ အခြေခံပညာကျောင်းများ၌ KG + 12 ကျောင်းသား ကျောင်းသူများအား ဥပဒေနှင့်ပတ်သက်ပြီး အခြေခံများကို သိရှိစေရေး သင်ကြားပေးလျက်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ လောင်းကစားမှုဥပဒေ၊ လူကုန်ကူးမှုဥပဒေ၊ မူးယစ်ဆေးဝါးဥပဒေ အစရှိသည့် ကျောင်းသားကျောင်းသူအရွယ်များ သိရှိနားလည်နိုင်သည့် ဥပဒေများကို သင်ကြားပေးခြင်းဖြစ်ကြောင်း၊ KG + 12 တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများသည် အသက် ၁၇ နှစ်နှင့် ၁၈ နှစ်အရွယ် ပတ်ဝန်းကျင်များဖြစ်ကြပြီး အသက် ၁၈ နှစ်ပြည့်ပါက ဆန္ဒမဲပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေကို သိရှိနားလည်နိုင်ရေး သင်ကြားပေးခြင်းဖြစ်ပြီး ဥပဒေနှင့်ပတ်သက်၍ စာမေးပွဲဖြေဆိုရမည် မဟုတ်ကြောင်း၊ အခြေခံဥပဒေပညာကို သင်ကြားပေးမည့် ဆရာ ဆရာမများကိုလည်း ဥပဒေကို နားလည်သိရှိအောင် Training of Trainners (TOT) သင်တန်းများပေးပြီး သင်ကြားစေခဲ့ခြင်းဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် KG + 11 နှင့် KG + 10 ကျောင်းသား ကျောင်းသူများကိုလည်း ဥပဒေနှင့်ပတ်သက်သည့် အခြေခံများကို သိရှိနားလည်နိုင်စေရေး ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်အသီးသီး၌လည်း ဒီမိုကရေစီ၏ အခြေခံဖြစ်သည့် ဥပဒေအား သိရှိနားလည်နိုင်ရန်နှင့် စီးပွားရေးနှင့်ပတ်သက်သည့် အသိအမြင်များရှိစေရေးအတွက် ဥပဒေနှင့်စီးပွားရေးဆိုင်ရာ အခြေခံဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ ဥပဒေအသိရှိစေရေး BA (Law) သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသကဲ့သို့ စီးပွားရေးအသိရှိစေရေးအတွက်လည်း BA (Eco) သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ပြင်ဦးလွင်၏ဂုဏ်ကို ဖော်ညွှန်းထားသည့် အမည်နာမများနှင့် ကိုက်ညီအောင် အကောင်အထည်ဖော်နိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အစိုးရအနေဖြင့် မူဝါဒချမှတ်ပေးမည်ဖြစ်ပြီး ယင်းမူဝါဒကို အကောင်အထည်ဖော်ရန်မှာ ဌာနဆိုင်ရာများ၏ တာဝန်ပင်ဖြစ်ကြောင်း၊ ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူးများတွင် အဓိကတာဝန်ရှိပြီး ဦးဆောင်လမ်းပြမှု ကောင်းစွာဖြင့် ဒေသနှင့် ဒေသခံများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့များသို့သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို စဉ်ဆက်မပြတ် လမ်းညွှန်မှာကြားလျက်ရှိကြောင်း၊ ထိုသို့ မှာကြားနေရခြင်းမှာ နိုင်ငံရေးလုပ်ဆောင်နေခြင်းမဟုတ်ဘဲ နိုင်ငံ့ကောင်းရာကောင်းကျိုးအတွက် လုပ်သင့်လုပ်ထိုက်သည့်ကိစ္စရပ်များကို လုပ်ဆောင်သွားရန်၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို ဖော်ဆောင်သွားကြရန် မှာကြားနေခြင်းဖြစ်ပြီး နိုင်ငံ့အရေးကို လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း။

သစ်ပင်သစ်တောများ ထိန်းသိမ်းပြီး စိမ်းလန်းစိုပြည်ရေးနှင့်ပတ်သက်၍လည်း ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ ပစ္စုပ္ပန်တွင်နေထိုင်နေကြသည့်သူများက ထိန်းသိမ်းဆောင်ရွက်သွားမှသာလျှင် ပြင်ဦးလွင်ဒေသ၏ အေးမြပြီးလတ်ဆတ်သည့် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ကို အနာဂတ်လူငယ်များထံသို့ လက်ဆင့်ကမ်းနိုင်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများက ဒေသခံများနှင့်အတူ ဝိုင်းဝန်းထိန်းသိမ်း လက်ဆင့်ကမ်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် သုမင်္ဂလာဈေး(ညံတောဈေး) အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းအတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ပြင်ဆင်ဖတ်ရှုနိုင်ပါရန်**

၁၁-၆-၂၀၂၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၅ တတိယကော်လံ စာကြောင်းရေ လေးကြောင်းမြောက်တွင် ဖော်ပြပါရှိသော ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း အစား ဦးအောင်အောင် ဟု ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှိခံပွဲအခမ်းအနား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်

ရန်ကုန် ဇွန် ၁၁

**ရန်ကုန်မြို့အခြေစိုက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးက ကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှိခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီးတို့ တက်ရောက်သည်။**

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov၊ စစ်သံမှူးနှင့် တာဝန်ရှိသူတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ ညှိခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်၊ သိပ္ပံပညာဆိုင်ရာအောင်မြင်မှုများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတကာရေးရာဆိုင်ရာ ဗီဒီယိုမှတ်တမ်းကို ဖွင့်လှစ်ပြသပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအဖွဲ့တို့က ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတို့သည် ညှိခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညှိခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှိခံသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဘဉ္ဇော၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






**ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှိခံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီးတို့ တက်ရောက်စဉ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှုတ်ခွန်းဆက်စကားပြောကြားစဉ်။**



**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ကောင်စီအဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှိခံပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ လှည့်လည်ကြည့်ရှုကြစဉ်။**

# အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာအစီအစဉ်-၃/၂၀၂၄ အရ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ လှူဒါန်းသော ဆန် ၁၅၇၅ တန်ကို စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ လွှဲပြောင်းပေးအပ်

**မန္တလေး ဇွန် ၁၁**

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ (APTERR) အစီအစဉ်-၃/၂၀၂၄ အရ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ လှူဒါန်းသည့် ဆန် ၁၅၇၅ တန်ကို စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ APTERR အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် ကိုရီးယားသမ္မတနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများနှင့် ‌လျောင်ဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသူရစိုးက APTERR အစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ထိုင်းနိုင်ငံ APTERR အတွင်းရေးမှူးချုပ်ရုံးမှ Greneral Manager Dr. Choomjet Karnjanakesorn၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယား သမ္မတနိုင်ငံသံရုံးကိုယ်စားလှယ် Ms. Kim Weolsoon နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးအတိုင်ပင်ခံ Mr. Ouyang Daobing တို့က လှူဒါန်းမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် APTERR အစီအစဉ်-၃/၂၀၂၄အရ လှူဒါန်းသည့် ဆန်များကို လူမှုရေးရာဝန်ကြီးထံသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်ကလွှဲပြောင်း ပေးအပ်ပြီး ထိုင်းနိုင်ငံ APTERR အတွင်းရေးမှူးချုပ်ရုံးမှ Greneral Manager Dr.Choomjet Karnjanakesorn၊ မြန်မာနိုင်ငံ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များက ‌လျောင်ဘေးသင့်ပြည်သူများထံ ဆန်အိတ်များလွှဲပြောင်းပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အလှူရှင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်းနှင့် ‌လျောင်ဘေးသင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရာတွင် ရွှေတံဆိပ်များဆွတ်ခူးနိုင်ပြီး နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်အောင်ကြိုးစား

**ရန်ကုန် ဇွန် ၁၁**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အင်းယားလမ်းရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းဝင်လေ့ကျင့်နေသော Slalom၊ အနောက်တိုင်းလှေ၊ ရိုးရာလှေနှင့် ကနူး၊ ကယက်လှေ ပဏာမလက်ရွေးစင်အားကစားသမားများ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် နည်းပြများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်၌ ပဏာမလက်ရွေးစင် ဟော်ကီအသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းတို့ သရုပ်ပြယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး သိမ်ဖြူအားကစားခန်းမရှိ မွေနှင့် Kickboxing အဖွဲ့ချုပ်၌ အဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မွေအားကစားနည်းနှင့် Kickboxing အားကစားနည်းတို့တွင် အောင်မြင်မှုရရှိစေရေး စုပေါင်းကြိုးစားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၌ ပဏာမလက်ရွေးစင် ဂျူဂျစ်ဆု အားကစားသမားများနှင့် ဂျူဒို အားကစားသမားများ သရုပ်ပြယှဉ်ပြိုင်လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ



အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရာတွင် ရွှေတံဆိပ်များဆွတ်ခူးနိုင်ပြီး နိုင်ငံတော်၏ ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားကြရန် မှာကြားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကရင်ပြည်နယ်လူငယ်စင်တာ တက်ရောက်ဖွင့်လှစ်

**ဘားအံ ဇွန် ၁၁**

လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်၊ အားကစား၊ အနုပညာ လှုပ်ရှားမှုများအပါအဝင် လူငယ်ရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၂၀၈၃ ဒသမ ၂၂၈ သန်းဖြင့် တည်ဆောက်ခဲ့သော (ပေ ၁၄၀ x ပေ ၈၀) RC သုံးထပ် လူငယ်စင်တာ (Youth Center) ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက ဘားအံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအနီးရှိ အဆိုပါစင်တာရှေ့၌ ကျင်းပသည်။



ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ကရင်ပြည်နယ်မှ အားကစားထူးချွန်လူငယ် နန်းသဲနုနုစံ၊ ကြက်ခြေနီကိုယ်စားလှယ် နန်းသင်းမြမြလှိုင်ထူး၊ ရေကြောင်းလူငယ်သင်တန်းမှ ထူးချွန်လူငယ် မင်းဦးငြိမ်း၊ ကင်းထောက်သင်တန်းသူ နန်းအံ့ဆုပြည့်ဝင်းနှင့် လူရည်ချွန်ကျောင်းသူ နန်းချောစုစုသိမ့်တို့က ကရင်ပြည်နယ်လူငယ်စင်တာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ကရင်ပြည်နယ် လူငယ် စင်တာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ဖွင့်ပွဲတွင် ပါဝင်အားဖြည့် ကူညီပေးကြသောလူငယ်မောင်မယ်ယဉ်ကျေးမှုဒိုးအဖွဲ့များ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ် လူငယ်စင်တာ ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကရင်ပြည်နယ်လူငယ်စင်တာ ဖွင့်ပွဲအခမ်းအနားကို အဆိုပါစင်တာ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ဘားအံတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများက လူငယ့်စွမ်းရည်သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ ဖွင့်လှစ်သည့်လူငယ်စင်တာကြီး ရေရှည်တည်တံ့ခိုင်မြဲရန်နှင့် လူငယ်စင်တာကို အသုံးပြုကြမည့် ကရင်ပြည်နယ်အတွင်းရှိ လူငယ်မောင်မယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်၍ ပြုစုပျိုးထောင်ပေးကြစေလိုကြောင်း ပြောကြားကာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက မိတ်ဆက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ကရင်ပြည်နယ်လူငယ်ရေးရာကော်မတီသို့ အားကစားပစ္စည်းများ ချီးမြှင့်ပေးအပ်ပြီး ပြည်နယ်ဂီတအစည်းအရုံးနှင့် ဘားအံတက္ကသိုလ် ကျောင်းသား ကျောင်းသူများက လူငယ့်အားမာန် တေးသီချင်း၊ အခြေခံပညာ ကျောင်းသား ကျောင်းသူများက ဇာတိမာန်တေးသီချင်းတို့ဖြင့် သီဆိုဖျော်ဖြေကြကာ ပြည်နယ်ဝန်ကြီးချုပ်က လူငယ်စင်တာ ဖွင့်ပွဲအထိမ်းအမှတ်အလံနှင့် အမှတ်တရလက်ဆောင်ကို ဒုတိယဝန်ကြီးထံ ပေးအပ်၍ အခမ်းအနားတွင် ပါဝင်အားဖြည့် ကူညီပေးကြသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကရင်ပြည်နယ် လူငယ်စင်တာရှိ ဘိလိယက်နှင့် စနူကာ အားကစားခုံ၊ GYM ခန်းမနှင့် စားပွဲတင်တင်းနစ်အားကစားနည်းများတွင် လူငယ်များ လာရောက်လေ့ကျင့်ကစားနေမှု၊ စာသင်ခန်း၊ အိမ်တွင်းမှုခန်း၊ အိပ်ခန်း၊ ဂီတခန်း၊ နားနေခန်း၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ ပန်းချီခန်းများတွင် လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး အသိပညာရှင်၊ အတတ်ပညာရှင်များက သက်ဆိုင်ရာ ဘာသာရပ်များအလိုက် လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ရေး ပြင်ဆင်ထားရှိမှုနှင့် လူငယ်များ လေ့လာသင်ယူနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**ခရိုင် (ပြန်/ဆက်)**

# ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် အရေးပေါ်အခြေအနေ တုံ့ပြန်ခြင်းဆိုင်ရာ သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇွန် ၁၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် အရေးပေါ်အခြေအနေ တုံ့ပြန်ခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော် ဟိုတယ်ဇုန်မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့်





ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်တိုင်းမီးသတ်ဦးစီးဌာနမှူးက သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အရေးပေါ်တုံ့ပြန်မှုများနှင့် ဓာတ်တိုက်လေ့ကျင့်မှုများ၏ အရေးပါမှု၊ သင်တန်းတွင် သင်ကြားပို့ချသွားမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းနည်းပြများကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းတွင် လက်တွေ့သင်ကြားပို့ချပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

▼ *ကျောဖုံးမှ*

မြန်မာ ယူ-၁၉ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းသည် လာအိုအသင်းကို ဂိုးဒါဇင်ဝက်ဖြင့် အနိုင်ယူပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးရှိလာသည်။ အဖွင့်ပွဲတွင် အိမ်ရှင်ဗီယက်နမ်ကို အရေးနိမ့်ခဲ့သဖြင့် အုပ်စုပထမဖြစ်ခွင့် ဆုံးရှုံးလုနီးပါးဖြစ်သွားသည့် မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် လက်ကျန်နှစ်ပွဲကို အာရုံစိုက်ကစားနေပြီး နောက်ဆုံးပွဲတွင် တီမောအသင်းကို အနိုင်ရပါက နောက်တစ်ဆင့် တက်ရောက်ခွင့်ရနိုင်မည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဗီယက်နမ်နှင့်ကစားခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ထားပြီး မတူညီသည့် လူစာရင်းဖြင့် ပွဲထွက်လာကာ လှလှထွေး (ဂိုး)၊ မင်းမင်းနု၊ သီရိနန္ဒာစိုး၊ ယုယုနိုင်၊ သဲအိလှိုင်၊ နှင်းစန္ဒာဝင်း၊ ကေသွယ်ဖြိုးဦး၊ အိသက်ဖြိုး၊ ဒေစီအောင်၊ စုစုခင်၊ ယဉ်လွှန်းအိမ်တို့ကို အသုံးပြုခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၈ မိနစ်တွင် အဖွင့်ဂိုးစတင်သွင်းယူနိုင်ခဲ့ကာ ပထမပိုင်းမှာပင် သုံးဂိုးပြတ် အနိုင်ရနေသည်။ ပထမပိုင်းတွင် မြန်မာအသင်းအတွက် ဂိုးများကို ၁၈ မိနစ်တွင် ဒေစီအောင်၊ ၂၈ မိနစ်တွင် စုစုခင်နှင့် ၄၃ မိနစ်တွင် ယဉ်လွှန်းအိမ်တို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းကသာ ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၄၆ မိနစ်တွင် ဒေစီအောင်၊ ၅၆ မိနစ်တွင် စုစုခင်၊ ၇၂ မိနစ်တွင် အေးအေးစိုးတို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဇွန် ၁၃ ရက်တွင် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သော်လေး**

# အလွန်အမင်း စိုးရိမ်ရန်မလို၊ မပေါ့ဆဖို့တော့ လိုပါသည်

မိုးကေနိုင်

ယနေ့ လူသားတွေဟာ သဘာဝဘေး၊ လူလုပ်ဘေးတွေကို ကပ်အဖြစ် တစ်ကပ်ပြီး တစ်ကပ်၊ လှိုင်းအဖြစ် တစ်လှိုင်းပြီး တစ်လှိုင်း ရင်ဆိုင်နေကြရပေမယ့် တစ်ကျော့ပြန် ကိုဗစ်ဆိုတဲ့စကားကိုတော့ ဘယ်သူမှ ကြားချင်ကြမှာမဟုတ်ဘူး။ ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် သွေးတွင်းအောက်ဆီဂျင်ပမာဏ အတက်အကျကြည့်ပြီး ထိတ်ထိတ်ပြာပြာနဲ့ ကိုဗစ်ကပ် သားကောင်ဖြစ်ခဲ့ရတဲ့ဘဝ။ ကမ္ဘာတစ်ဝန်း လူသန်းချီသေဆုံး၊ စီးပွားပျက်၊ လူမှုဘဝများ ပျက်စီးကြရ စသည်ဖြင့် ထိုအနိဋ္ဌာရုံများကို မေ့ခဲ့လို့မရ၊ ပေါ့ဆလို့မဖြစ်၊ အမြဲသတိထားဖို့တော့လိုတယ်။ ဒါကြောင့်လည်း ကျန်းမာရေးဝန်ကြီးဌာနတွေအနေနဲ့ ကိုဗစ်-၁၉ ကို မပြတ် စောင့်ကြည့်နေရတယ်။

### Timeline တစ်ခု


ဒါပေမယ့် အလွန်အမင်းစိုးရိမ်ကြဖို့တော့ မလိုပါ။ မူရင်းမျိုးကွဲကနေ အဆင့်ဆင့်ပြောင်းလဲလာတဲ့ ဗီဇပြောင်းမျိုးကွဲသစ်တွေက လူကိုအန္တရာယ်ပေးနိုင်စွမ်းအားပျော့သွားပြီလို့ ဆိုပါတယ်။ ကျွန်တော်တို့ ကိုဗစ်မူလမျိုးရင်းတွေရဲ့ Timeline ကို ပြန်ကြည့်ရင် ၂၀၂၀ ပြည့်နှစ်ကုန်လောက်ကစခဲ့တဲ့ Alpha , Beta , Gamma စတဲ့ မျိုးကွဲတွေ၊ နောက်တော့ ၂၀၂၁ နှစ်ကုန် နွေဦးလောက်မှာ အိန္ဒိယနိုင်ငံမှာ စခဲ့တဲ့ Delta နဲ့ Delta plus မျိုးကွဲများ စတဲ့ အလွန်ပြင်းထန်စွာ ဒုက္ခပေးခဲ့တာကို ခံစားခဲ့ရဖူးတယ်။ လူတွေ ဆိုးဆိုးရွားရွားထိခိုက်ပျက်စီးခဲ့ကြရတယ်။ နောက်ပိုင်း ၂၀၂၁ ခုနှစ်က စပြီး Omicron BA 1, BA 2 မျိုးကွဲတွေ စတင်တွေ့ရှိလာရပါတယ်။ ၂၀၂၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့မှ စတင်ကြေညာခဲ့ရတဲ့ ကမ္ဘာ့ကပ်ကြီးဟာ ၂၀၂၃ ခုနှစ် မေ ၅ ရက်နေ့မှာတော့ ကပ်အသွင်ပြီးဆုံးသွားခဲ့ပါတယ်။ Lockdown တွေ၊ သီးသန့်ထားခဲ့ရတဲ့ Quarantine တွေ၊ mask တွေ တပ်ခဲ့ရ၊ လက်ဆေးခဲ့ရ၊ ခပ်ခွာခွာနေခဲ့ရ၊ Contact tracing လိုက်ခဲ့ရတဲ့ ဘဝအမောတွေကို ပြန်လည်မှတ်မိကြမယ်ထင်ပါတယ်။

### တုပ်ကွေးလား၊ ကိုဗစ်လား ခွဲခြားရခက်၍ ပို၍ အလေးထားသင့်

ဒါတွေ ပြန်ပြောနေရခြင်းက ကျွန်တော်တို့ လူသားတွေ ရင်ဆိုင်ခဲ့ရတဲ့ ခါးသီးဖွယ်အဖြစ်အပျက်တွေကို အနည်းငယ်မျှလေး ပြန်လည်အမှတ်ရမိဖို့သာဖြစ်ပါတယ်။ ယခုအခြေအနေက ယခင်ကလောက် အလွန်အမင်းစိုးရိမ်စရာ မရှိနိုင်တော့ပါဘူး။ ကျွန်တော်တို့အားလုံး သင်ခန်းစာတွေ ထုတ်ခဲ့ကြပြီး အဆိုးထဲက အကောင်း၊ အတွေ့အကြုံမျိုးစုံကနေ New normal life style နဲ့ လူမှုပုံစံအသစ်မှာ နေတတ်နေပါပြီ။

**အကြောက်လွန်မှာစိုးလို့ စိုးရိမ်စရာမရှိဘူးဆိုပေမယ့် အခုနာမည်ကြီးနေတဲ့ အိုမီခရွန်မျိုးကွဲသစ် XEC ကိုတော့ မိမိမှတ်ဉာဏ်ထဲ အနည်းငယ်ထည့်ထားစေချင်တယ်။ WHO က စောင့်ကြည့်နေသလို ကျန်းမာရေးဝန်ကြီးဌာနကလည်း မပြတ်စောင့်ကြည့်နေတဲ့ မျိုးကွဲတစ်ခုပါ။ အဓိကအချက်က ကူးစက်မှုနှုန်းမြင့်လာတာနဲ့ ဘေးအိမ်နီးချင်းနိုင်ငံမှာ အသေအပျောက်ရှိလာတဲ့အချက်က ထည့်တွက်ရမယ့်အနေအထား ဖြစ်နေပါတယ်။ ကူးစက်တာမြန်ပြီး ရောဂါပြင်းထန်မှုမရှိလို့ဆိုပေမယ့် လက်ရှိကျွန်တော်တို့ပတ်ဝန်းကျင်မှာက ရာသီတုပ်ကွေး (Influenza) ကလည်း မသိမသာနဲ့ ဖြစ်ပွားနေတာရှိတယ်။ ဒါကြောင့် တုပ်ကွေးလား၊ ကိုဗစ်လားဆိုတာ ခွဲခြားရခက်နေတတ်ကြတယ်။**

ခွဲခြားရခက်လောက်အောင်လည်း Influenza virus ကြောင့်ဖြစ်တဲ့ Influenza နဲ့ Corona virus ကြောင့်ဖြစ်တဲ့ ကိုဗစ်-၁၉၊ ဒီရောဂါနှစ်ခုရဲ့လက္ခဏာတွေက အများအားဖြင့် ဆင်တူကြတယ်။ အဖျား၊ ခေါင်းကိုက်၊ ချောင်းဆိုး၊ နှာစေး၊ ကိုယ်လက်ကိုက်ခဲ၊ နုံးချွေ၊ လည်ချောင်းနာ စတဲ့လက္ခဏာတွေက ရောဂါနှစ်ခုလုံးမှာ ခံစားရမယ်။ အချို့သူတွေမှာ ဝမ်းပျက်ဝမ်းလျှော ပျို့အန်တာတွေ ရှိနိုင်တယ်။ ဒီလက္ခဏာတွေလည်း တူကြတာပဲ။ နောက်ဆက်တွဲ ဖြစ်လာတတ်တဲ့ ပြင်းထန်အဆင့်လို့ သတ်မှတ်ရမယ့် အသက်ရှူမဝ၊ အမောဖောက်လက္ခဏာကလည်း



❖ အကြောက်လွန်မှာစိုးလို့ စိုးရိမ်စရာမရှိဘူးဆိုပေမယ့် အခုနာမည်ကြီးနေတဲ့ အိုမီခရွန်မျိုးကွဲသစ် XEC ကိုတော့ မိမိမှတ်ဉာဏ်ထဲ အနည်းငယ်ထည့်ထား စေချင်တယ်။ WHO က စောင့်ကြည့်နေသလို ကျန်းမာရေးဝန်ကြီးဌာနက လည်း မပြတ်စောင့်ကြည့်နေတဲ့ မျိုးကွဲတစ်ခုပါ။ အဓိကအချက်က ကူးစက် မှုနှုန်းမြင့်လာတာနဲ့ ဘေးအိမ်နီးချင်းနိုင်ငံမှာ အသေအပျောက်ရှိလာတဲ့ အချက်က ထည့်တွက်ရမယ့်အနေအထားဖြစ်နေပါတယ်။ ကူးစက်တာမြန်ပြီး ရောဂါပြင်းထန်မှုမရှိလို့ဆိုပေမယ့် လက်ရှိ ကျွန်တော်တို့ပတ်ဝန်းကျင်မှာက ရာသီတုပ်ကွေး(Influenza) ကလည်း မသိမသာနဲ့ ဖြစ်ပွားနေတာရှိတယ်။ ဒါကြောင့် တုပ်ကွေးလား၊ ကိုဗစ်လားဆိုတာ ခွဲခြားရခက်နေတတ်ကြတယ်။

ဗိုင်းရပ်စ်နှစ်ခုစလုံးမှာ ဖြစ်နိုင်တယ်။ နောက်ဆုံး ခွဲခြားနိုင်တဲ့ တစ်ခုတည်းသောလက္ခဏာကို ပြောပါဆိုရင် ကိုဗစ် – ၁၉ မှာမှ တွေ့ရတဲ့ အနံ့မရ၊ အရသာပျောက်သွားတတ်တဲ့ လက္ခဏာပါပဲ။ ဒါပေမယ့် ထိုလက္ခဏာမျိုးက ကိုဗစ်တိုင်းမှာ မဖြစ်တတ်ဘူး။ အခုလို ခွဲခြားနိုင်ခြင်းမျိုးမရှိပေမယ့်လည်း ဖြစ်တဲ့လက္ခဏာအားလုံးက ပြင်းထန်မယ်ဆိုရင် ဥပမာ အဖျားကြီးချမ်းတုန်တာ၊ ခေါင်းအလွန်ကိုက်၊ ကိုယ်လက်အလွန်ကိုက်ခဲ၊ အစာမစားနိုင်၊ ရေသောက်လို့မရတဲ့အထိ လည်ချောင်းအလွန်နာတာမျိုးတွေကို သာမန်တုပ်ကွေးပဲ ဖြစ်မှာပါ၊ ကိုဗစ်မဖြစ်နိုင်ပါဘူးဆိုပြီး လျှော့မတွက်စေချင်ပါဘူး။ ရောဂါဆိုတာမျိုးက လျှော့မတွက်တာကောင်းပါတယ်။ အထူးသဖြင့် ပြည်သူအများနဲ့ဆိုင်တဲ့ ကူးစက်ရောဂါမျိုးတွေမှာ ပိုလို့အလေးထားသင့်ပါတယ်။

### အများနဲ့ဆိုင်တဲ့အတွက် တိတိကျကျဖြစ်အောင် ဆေးစစ်ကြည့်သင့်

ပြည်သူအများနဲ့ဆိုင်တယ်ဆိုတာက ကိုဗစ်– ၁၉ လို ရောဂါက ဥပမာဖြစ်ပါတယ်။ တစ်ဦးမှ တစ်ဦးကို ကူးစက်တာ အလွန်မြန်တဲ့အတွက် အနည်းဆုံးတော့ ထည့်စဉ်းစားရမှာက မိမိမိသားစု၊ တစ်အိမ်တည်းနေ အဘိုးအဘွားနဲ့ ကလေးငယ်တွေရှိနေရင်၊ ဆီးချို၊ ကင်ဆာ၊ သွေးတိုး၊ နှလုံးရောဂါစတဲ့ နာတာရှည်ဆေးကုနေရသူတွေ ရှိနေခဲ့ရင် သူတို့အတွက် ဦးစားပေးစဉ်းစားရမှာဖြစ်ပါတယ်။ မိမိက ကိုယ်ခံစွမ်းအားကောင်းနေတဲ့ လူငယ်လူရွယ်ပိုင်းဖြစ်ပေမယ့် အသက်ကြီးသူတွေနဲ့ ကိုယ်ခံစွမ်းအားလျော့နည်းနေနိုင်တဲ့ နာတာရှည်ရောဂါသည်တွေမှာ ကိုဗစ်ဒဏ်ကော၊ မူလရှိနေတဲ့ ရောဂါဒဏ်တွေကိုပါ ပိုပြီးခံစားရနိုင်တယ်။ ရောဂါဖြစ်တဲ့ရက် ပိုကြာနိုင်သလို ဆေးရုံတက်ရတဲ့အခြေအနေထိ ရောက်သွားနိုင်ပြီး သေဆုံးနိုင်ခြေအန္တရာယ်လည်း ပိုများကြောင်း ယခင် ကိုဗစ်ကပ်အတွေ့အကြုံတွေအရ ပြောရမှာဖြစ်ပါတယ်။

ဒါကြောင့် ရောဂါကိုမပေါ့ဆနဲ့ဆိုတာ မိမိအတွက်အပြင် အများအတွက်လည်း ပါတဲ့အတွက် တိတိကျကျ ခွဲခြားနိုင်ဖို့ နှာခေါင်းတို့ဖတ်ယူ၊ သွေးစစ်၊ ရင်ခေါင်းဓာတ်မှန်ရိုက်ခြင်းတွေ လုပ်သင့်တဲ့ Testing အပိုင်းကို ထည့်စဉ်းစားရမယ်။ ကိုဗစ်လား၊ တုပ်ကွေးလား တိတိပပ ခွဲခြားနိုင်ခဲ့ရင်ဖြစ်ဖြစ်၊ တကယ်လို့ လိုအပ်တာတွေ မစစ်ဆေးနိုင်ခဲ့ရင်လည်း အသက်ရှူလမ်းကြောင်းကတစ်ဆင့် ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ စကားပြောခြင်း၊ ပိုးကျရာမျက်နှာပြင် အသုံးအဆောင်ပစ္စည်းတွေနဲ့ ထိတွေ့မှုကတစ်ဆင့် ကူးစက်နိုင်တဲ့အတွက် ကိုဗစ်သံသယပဲဖြစ်ဖြစ်၊ တုပ်ကွေးပဲဖြစ်ဖြစ် မိသားစုနဲ့ ခပ်ခွာခွာနေ၊ သီးခြားနေ၊ လူထူထူထဲမသွား၊ ကိုယ့်အခန်းကိုယ့်နေရာမှာသာ အနားယူ၊ လိုအပ်တဲ့ ကုသမှုခံယူခြင်းသာ အကောင်းဆုံးဖြစ်ပါတယ်။ ထို့အပြင်မှာ ကိုဗစ်ရယ်လို့ တိတိကျကျ သိလာခဲ့ရင် ရောဂါနဲ့ဆေး လိုအပ်တဲ့ကုသမှုကို ခံယူနိုင်တဲ့အခွင့်အလမ်းလည်း ရရှိလာမှာဖြစ်ပါတယ်။

### နာတာရှည်နှင့် High risk persons များအတွက် ပိုဂရုစိုက်ရမည်

ဒီ့အပြင် မန္တလေးမြေလျှင်ကြီးအပြီးမှာ လူတွေရဲ့ စိတ်ခံစားချက်တွေ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုတွေကတစ်ဆင့် သူတို့ရဲ့ ကိုယ်ခံစွမ်းအားတွေ ကျဆင်းနေနိုင်တယ်ဆိုတဲ့ အချက်ကို ထည့်သွင်းစဉ်းစားရပါမယ်။ တစ်ချက်က အစားအသောက်၊ အနေအထိုင်၊ လူနေမှုဘဝပုံစံတွေ ပြောင်းလဲလာမှုကလည်း ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာစတဲ့ နာတာရှည်ရောဂါတွေကို ဖိတ်ခေါ်သလိုဖြစ်နေတယ်။ တကယ်လည်း ကူးစက်မှုမဟုတ်တဲ့ ဒီလိုရောဂါတွေကြောင့် လူတွေမှာ Double burden ဆိုတဲ့ ရောဂါဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းထားရသလို ဖြစ်နေတယ်။ မပြင်းထန်လှတဲ့ ကိုဗစ်ရဲ့ သက်ရောက်မှုကော၊ မူလအရင်းခံရှိနေတဲ့ နာတာရှည်ရောဂါကြီးတွေရဲ့ ဆိုးကျိုးတွေကိုပါ ပိုပြီး ပြင်းပြင်းထန်ထန် ခံစားကြရတဲ့အပြင် အသက်အန္တရာယ် ထိခိုက်နိုင်ခြေလည်း ပိုများတာ တွေ့ကြရတယ်။

ဒါကြောင့် ကျွန်တော်တို့က ကိုဗစ်တစ်ခုတည်းရဲ့ တိုက်ရိုက်ဆိုးကျိုးတွေထက် မူလနာတာရှည်ရောဂါသည်တွေ၊ အသက်ကြီးသူတွေမှာ ကိုဗစ်မတော်တဆဖြစ်ခဲ့ရင်ဆိုတဲ့ ပူပန်မှုမျိုးနဲ့ ကိုဗစ်ကူးစက်မှုမခံရအောင်၊ ဖြစ်လာရင်လည်း ပြင်းထန်မှုမရှိရအောင်၊ ဆေးရုံတက်ရတဲ့အနေအထားမျိုးမရောက်အောင်၊ အသက်အန္တရာယ်မရှိရအောင် ကိုဗစ်ရန်ကနေ ကြိုးစားကာကွယ်စောင့်ရှောက်သွားကြရမှာ ဖြစ်ပါတယ်။ နာတာရှည်ရောဂါသည်တွေနဲ့ အသက်ကြီးသူအများစုက ရောဂါတစ်မျိုးမဟုတ်တစ်မျိုး ရှိနေတတ်တဲ့အတွက် ဆေးရုံဆေးခန်းနဲ့ မကင်းကြပါဘူး။ နာတာရှည်ရောဂါအတွက် ဆေးအမျိုးမျိုးသောက်နေရတာများတယ်။ တကယ်လို့များ ကိုဗစ်ကပ်သဘောမျိုးဖြစ်ခဲ့ရင် ရှိနှင့်ပြီး ကျန်းမာရေးဆိုင်ရာ အရင်းအမြစ်တွေကို အခြားရောဂါတွေထက် ကိုဗစ်ကို ဦးစားပေးရတဲ့ အခြေအနေမျိုးရောက်ရှိသွားနိုင်တယ်။ အချို့ဆေးရုံ၊ ဆေးခန်းတွေ ပိတ်လိုက်ရခြင်းမျိုးတွေ ရှိနိုင်မယ်။ လူနာရှင်တွေအနေနဲ့ ပါရဂူနဲ့ ပုံမှန်ပြသနေကြအစီအစဉ်တွေ နှောင့်နှေးသွားနိုင်ခြေရှိလာမယ်။ ကိုယ်ပုံမှန်သောက်တဲ့ဆေးဝါးအချို့ ပြတ်လပ်မှုရှိလာနိုင်တယ်။ ဒီအချက်တွေဟာ ဖြစ်ပြီးခဲ့တဲ့ ကိုဗစ်ကာလမှာ စိန်ခေါ်မှုများ ဖြစ်ခဲ့တဲ့အတွက် အလေးအနက်ထားပြီး ကြိုတင်ပြင်ဆင်ထားရမှာ ဖြစ်ပါတယ်။ *စာမျက်နှာ ၉ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပလျက်ရှိသည့် (၅)ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားဖိုရမ်နှင့် ခရီးသွားပြပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် ဇွန် ၁၁

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ VDNH ပန်းခြံပြပွဲခန်းမ၌ ဇွန် ၁၀ ရက်မှ ၁၅ ရက်အထိ ကျင်းပသော (၅)ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားဖိုရမ်နှင့် ခရီးသွားပြပွဲသို့ တက်ရောက်ခဲ့သည်။**

ခရီးသွားပြပွဲကို "Let's Travel" ခေါင်းစဉ်နှင့်အတူ နိုင်ငံတကာခရီးသွားဖိုရမ်ကို ပူးတွဲကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ဆွေးနွေးပွဲစတင်ဖွင့်လှစ်**

မော်စကိုနိုင်ငံတကာ ခရီးသွားဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဒီမစ်ထရီ ချယ်နေရှန်ကိုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မက်ဆင်ရီ ရှတ်နီ့ကို့ဗ်တို့က "Discovering Russia: How travel is changing the country" ဆွေးနွေးပွဲဖြင့် စတင်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ် ဒီမစ်ထရီချယ်နေရှန်ကိုက ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်ပေးပို့သော နှုတ်ခွန်းဆက်စကားကို ဖတ်ကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မီခေးလ် မီရှူးစတင်း၏ သတင်းစကားရုပ်သံကို ဖွင့်လှစ်ပြသသည်။

**ရှုထောင့်အသီးသီးမှဆွေးနွေး**

ထို့နောက် "Discovering Russia: How travel is changing the country" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို စတင်ကျင်းပရာ ဒုတိယဝန်ကြီးချုပ် ဒီမစ်ထရီချယ်နေရှန်ကိုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မက်ဆင်ရီရှတ်နီ့ကို့ဗ်တို့က ဆွေးနွေးပွဲ၏ သဘာပတိအဖြစ်ဆောင်ရွက်ကြပြီး ဒိုင်းမော့ကုမ္ပဏီတည်ထောင်သူ မစ္စတာဒိုင်းမော့၊ ဗိုဒိုလက် မြန်နှုန်းမြင့်သင်္ဘောကုမ္ပဏီ၏ ညွှန်ကြားရေးမှူးချုပ်အပါအဝင် ခရီးသွားလုပ်ငန်း၊ စားသောက်ဆိုင်နှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူခုနစ်ဦးတို့က ခရီးသွားလုပ်ငန်း၏ နိုင်ငံ့စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုများကို ကဏ္ဍအလိုက်ရှုထောင့်အသီးသီးမှ ဆွေးနွေးကြသည်။

ဇွန် ၁၀ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မက်ဆင်ရီရှတ်နီ့ကို့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံသည်။ **(အပေါ်ယာပုံ)**



တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ရေး၊ မြန်မာနှင့် ရုရှားနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ရင်းနှီးကျွမ်းဝင်မှုခရီးစဉ် (Familiarization Trip – FAM Trip) များကို အပြန်အလှန် စီစဉ်ဆောင်ရွက်ရေး၊ မြန်မာ – ရုရှား နှစ်နိုင်ငံပြည်သူများအတွက် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားပြပွဲများတွင် ပူးပေါင်းပါဝင်ပြသကြရေး၊ မြန်မာနိုင်ငံသို့ ရုရှားခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ရေး၊ ပြည်ပသို့ခွင့် ရက်ရှည်ဖြင့် အပန်းဖြေခရီးသွားရောက်ကြသော ရုရှားနိုင်ငံသား အစိုးရဝန်ထမ်းများကို မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဖိုရမ်အတွင်း လှည့်လည်ကြည့်ရှုကာ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုသော Cosmos Hotel Group နှင့် BN Group တို့မှ ရုရှားနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ သာယာလှပသော ကမ်းခြေများနှင့် ခရီးသွားဆွဲဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများ၊ ကနဦးစီမံကိန်း (Pilot Project)အဖြစ် လာရောက်ဆောင်ရွက်လိုပါက ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက မော်စကိုမြို့ရှိ DOM VISHNEVSKY စင်တာ၌ တည်ခင်းဧည့်ခံသည့် " The Russian Manor: A Celebration of Customs" ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

ဘယ်လိုကာကွယ်ထားမလဲ၊
ဆောင်ရန်ရှောင်ရန်များနှင့်အတူ

ကိုဗစ် – ၁၉ ဗီဇပြောင်းမျိုးကွဲများစွာ ဘယ်လိုရှိရှိ၊ မိမိမှာလက်ရှိဖြစ်နေတဲ့ ရောဂါနဲ့ မိမိရဲ့ကိုယ်ခံစွမ်းအားအတက်အကျအပေါ်မူတည်ပြီး ကိုဗစ်ရဲ့ ပြင်းထန်မှုအနည်းအများနဲ့ နောက်ဆက်တွဲဆိုးကျိုးများကို ခံစားကြရမှာဖြစ်ပါတယ်။ ကူးစက်ကပ်ရောဂါတွေရဲ့ ကြိုတင်ကာကွယ်မှုသဘောက မိမိအတွက်တင်မဟုတ် ပတ်ဝန်းကျင်က မိသားစု၊ ဆွေမျိုး၊ သူငယ်ချင်းစတဲ့ အများအတွက်လည်း စဉ်းစားပြီး ကြိုတင်ကာကွယ်မှုတွေ လုပ်ရပါတယ်။ နှာစေး၊ ချောင်းဆိုးတာလေးကအစ ဂရုစိုက်သင့်ပါတယ်။

Mask တပ်တဲ့အလေ့အထ ပြန်လုပ်သင့်တယ်။ အထူးသဖြင့် လူထူထပ်တဲ့နေရာတွေ သွားရင်ပေါ့။ ဆပ်ပြာရည်နဲ့ မကြာခဏ လက်ဆေးတဲ့အကျင့် ပြန်လုပ်သင့်တယ်။ ပြန်အမှတ်ရသင့်တဲ့ကာကွယ်နည်းတွေပါ။ ၆ ပေအနည်းဆုံး အကွာအဝေးလောက်မှာ ခပ်ခွာခွာဘယ်လိုနေကြမလဲ၊ အထူးသဖြင့် နှာစေး၊ ချောင်းဆိုး၊ လည်ချောင်းနာ၊ အဖျား စတဲ့ ဖြစ်နေသူတွေနဲ့တကွ သူတို့နဲ့ နီးနီးကပ်ကပ်ရှိနေသူတွေပါ အထက်ပါကာကွယ်နည်းလမ်းတွေကို ကျင့်သုံးသင့်ပါတယ်။

နောက်ထပ် ပိုသေချာတဲ့ကာကွယ်နည်းက ကိုဗစ်ကာကွယ်ဆေး ထိုးနှံခြင်းပါပဲ။ အထက်ပါ အန္တရာယ်များသူတွေ၊ High Risk Persons တွေမှာ ဦးစားပေးထိုးနှံသင့်ကြပါတယ်။ လူအချင်းချင်း ကူးစက်နိုင်တဲ့ရောဂါ၊ ကူးစက်မှုကလည်း မြန်ဆန်တဲ့အတွက် လူမျိုး၊ ဘာသာ၊ လူတန်းစားမရွေး နောက်ကျမကျန်ရစ်စေရေး လူတိုင်းထိုးနှံသင့်ကြတယ်။

❒ **မန္တလေးမြေငလျင်ကြီးအပြီးမှာ လူတွေရဲ့စိတ်ခံစားချက်တွေ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုတွေကတစ်ဆင့် သူတို့ရဲ့ ကိုယ်ခံစွမ်းအားတွေ ကျဆင်းနေနိုင်တယ်ဆိုတဲ့အချက်ကို ထည့်သွင်းစဉ်းစားရပါမယ်။ တစ်ချက်က အစားအသောက်၊ အနေအထိုင်၊ လူနေမှုဘဝပုံစံတွေ ပြောင်းလဲလာမှုကလည်း ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာစတဲ့ နာတာရှည်ရောဂါတွေကို ဖိတ်ခေါ်သလိုဖြစ်နေတယ်။ တကယ်လည်း ကူးစက်မှုမဟုတ်တဲ့ ဒီလိုရောဂါတွေကြောင့် လူတွေမှာ Double burden ဆိုတဲ့ ရောဂါဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းထားရသလို ဖြစ်နေတယ်။ မပြင်းထန်လှတဲ့ ကိုဗစ်ရဲ့ သက်ရောက်မှုကော၊ မူလအရင်းခံရှိနေတဲ့ နာတာရှည်ရောဂါကြီးတွေရဲ့ ဆိုးကျိုးတွေကိုပါ ပိုပြီး ပြင်းပြင်းထန်ထန် ခံစားကြရတဲ့အပြင် အသက်အန္တရာယ် ထိခိုက်နိုင်ခြေလည်း ပိုများတာ တွေ့ကြရတယ်။**

ဒါပေမယ့် ကာကွယ်ဆေးထိုးမဲ့သူဟာ မထိုးခင်မှာ Check list နဲ့တကွ ကြိုတင်သိရှိထားရမယ့် အချက်တွေလည်း ရှိပါတယ်။ ဘယ်လိုအမျိုးအစားကာကွယ်ဆေးလဲ၊ ထိုးနှံပြီးအကြိမ်အရေအတွက်၊ ထိုးမယ့်နေ့မှာ ဖျားနာနေခြင်းရှိမရှိ၊ မိမိနဲ့ဓာတ်မတည့်တဲ့ သောက်ဆေးထိုးဆေး၊ ဆီးချို၊ ကင်ဆာလို ရောဂါနဲ့ ကိုယ်ခံအားစနစ်ချို့ယွင်းစေတဲ့ ရောဂါတွေ၊ ဆေးဝါးတွေသောက်သုံးနေရသလား၊ ယခင်ကိုဗစ်ဖြစ်ခဲ့ဖူးလို့ နှလုံး၊ အဆုပ်တို့မှာ သွေးခဲပြဿနာဖြစ်ခဲ့ဖူးသလား၊ ယခင်တစ်နှစ်အတွင်း ဗိုင်းရပ်စ်ကုသဆေးတစ်မျိုးမျိုး၊ တစ်လအတွင်း ကာကွယ်ဆေး၊ ထိုးဆေး၊ သောက်ဆေးတွေ အသုံးပြုခဲ့ရဖူးသလား.. စတဲ့ အခြေအနေကိုလည်း ဆရာဝန်နဲ့ တိုင်ပင်ထားဖို့ လိုပါတယ်။

အချုပ်အားဖြင့် စိုးရိမ်ဖို့မလိုပေမယ့် မပေါ့ဆဖို့တော့ သတိပေးပါရစေ။ အဓိကအချက်က ပိုးမဝင်အောင်နဲ့ ဝင်လာရင်လည်း တွန်းလှန်နိုင်ဖို့ပါ။ ကိုဗစ်ကို ခုခံကာကွယ်ရင်း အခြားအခြားသော ရောဂါဘယများစွာကိုလည်း ရင်ဆိုင်နိုင်ဖို့ ဆောင်ရန်၊ ရှောင်ရန်များစွာကို သတိမပြတ် လုပ်ဆောင်လျက် မိမိကိုယ်ခံစွမ်းအားမြင့်မားအောင် တည်ဆောက်နေဖို့ နေကြဖို့လိုပါမယ်။ ဆေးလိပ်သောက်သူဆိုရင် ဆေးလိပ်ဖြတ်ပါ၊ အဆုပ်ပျက်စီးမှုကို ကာကွယ်ဖို့၊ ချိုလွန်း၊ ငန်လွန်းအစားအစာတွေကိုရှောင်ပြီး ကျန်းမာလတ်ဆတ်တဲ့ အသား၊ သီးနှံ၊ မီးဖိုချောင်သုံးဆေးဖက်ဝင်ပစ္စည်းတွေနဲ့ ဟင်းသီးဟင်းရွက်တွေ နေ့စဉ် စားပေးပါ၊ ရေသောက်ဖို့မမေ့ပါနဲ့၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း နေ့စဉ်လှုပ်ရှားပြီး အိပ်ရေးဝဝအိပ်ပါ၊ စိတ်ဖိစီးမှုလျှော့၊ စိတ်ပိုင်း၊ ရုပ်ပိုင်းဖိစီးမှုလျော့အောင် သမထပွား၊ ဘာသာရေးအလေ့အထများပြုလုပ်ပေးပါ။ ဒီအချက်တွေဟာ ကိုယ်ခံစွမ်းအားကို မြှင့်ပေးပြီး ခန္ဓာကိုယ်အတွင်း ဘယ်လိုပိုးမွှားရပ်စ်တွေ ဝင်လာမလဲ၊ ဖြစ်နိုင်သမျှ မြန်နိုင်သမျှ တွန်းလှန်ပေးသွားပါလိမ့်မယ်။

# လျှပ်စစ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီများရှိ သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်



**နေပြည်တော် ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီများရှိ သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဋ္ဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ကြွရောက်တော်မူပြီး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးရုံးချုပ်(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စေတီတော်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင် မွမ်းမံဆောင်ရွက်သွားမည့် အခြေအနေများကို Power Point ဖြင့် ရှင်းလင်းလျှောက်ထားတင်ပြသည်။ ထို့နောက် သီတဂူဆရာတော်ကြီးထံမှ ဆုံးမဩဝါဒခံယူပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား ဖယ်ရှားရှင်းလင်းထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မော်လမြိုင်စက်မှုဇုန်နှင့် ကျောက်တန်းစက်မှုနယ်မြေ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဇွန် ၁၁**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း သည် ပြည်နယ်ဝန်ကြီးများနှင့် အတူ ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ညောင်ပင်ဆိပ်ရပ်ကွက်ရှိ မော်လမြိုင်စက်မှုဇုန်သို့ သွားရောက်ပြီး စက်မှုဇုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် စက်မှုဇုန်များ၏ အဓိက လိုအပ်ချက်ဖြစ်သည့် ရေရရှိရေးကို ဆောင်ရွက်ပြီးဖြစ်သကဲ့သို့ လျှပ်စစ်မီးပိုမိုရရှိနိုင်ရေး ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း၊ MSME စီးပွားရေးလုပ်ငန်းအပါအဝင် အခြေခံလိုအပ်ချက်ဖြစ်သည့် နည်းပညာ၊ ငွေကြေးအရင်းအနှီး၊ ဈေးကွက်ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် မြေနေရာ လိုအပ်ချက်တို့ဖြစ်ကြောင်း၊ စက်မှုဇုန်အတွင်း နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးရှိမည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ပြည်တွင်းထွက်ကုန်ကြမ်းများကို အသုံးပြုပြီး ပြည်ပသွင်းကုန်များ အစားထိုးဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် မော်လမြိုင် စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီတာဝန်ရှိသူက စက်မှုဇုန်ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထူးစက်မှုလက်မှုလုပ်ငန်းတွင်Centerless Grinding Machine၊ CNC Lathe Machine၊ Hobbing Machine စက်ကြီးများဖြင့် ကားအင်ဂျင်ပိုင်းနှင့်ပတ်သက်သည့် စက်ပစ္စည်းများထုတ်လုပ်နေမှု၊ လယ်ယာသုံး စက်ကိရိယာ ကောက်စိုက်စက်၊ Drum seeder ထုတ်လုပ်မှု၊ ဆက်လက်၍ Green Box သစ်အခြေပြု အသေးစား လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း (value added) ရော်ဘာသစ်မှ (end product) မီးဖိုချောင်သုံးပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း၊ နိုင်ငံခြား သွင်းကုန်အစားထိုးပလတ်စတစ်ရေတိုင်ကီရေခဲပုံး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။



ဆက်လက်၍ မော်လမြိုင်မြို့ ကျောက်တန်းရပ်ကွက် ကျောက်တန်းစက်မှုနယ်မြေသို့ သွားရောက်ပြီး Betel World Co.,ltd. ကွမ်းသီးကမ္ဘာကုမ္ပဏီလီမိတက်၏ ကွမ်းသီးစိမ်းမှ ကွမ်းသီးပြုတ်၊ ကွမ်းသီးခြောက် ထုတ်လုပ်မှုလုပ်ငန်းမှ ပြည်ပပို့ကုန် ကွမ်းသီးယိုထုတ်လုပ်မှုစက်ရုံ၊ ပြည်နယ်သားစတား စားသောက်ကုန်လုပ်ငန်း ပဲပြား စက်ရုံ၊ ပြည့်စုံ အလူမီနီယံ၊ လိပ်တံခါး၊ ဆီလီကွန်နှင့် ဆက်စပ်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းဝယ်ရေး အလုပ်ရုံ၊ ငွေမိုးကွန်ကရစ်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၏ သား၊ သမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

**စစ်တွေ ဇွန် ၁၁**

၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် ရခိုင်ပြည်နယ်အတွင်း အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ၏ သား၊ သမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။




ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ၂၀၂၅–၂၀၂၆ ပညာသင်နှစ်အတွက် စစ်တွေမြို့နယ်ရှိ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ သားသမီးစုစုပေါင်း ၁၃၉၀၊ ကျောက်ဖြူမြို့နယ်ရှိ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ သားသမီး ၄၄၅ ဦးနှင့် မာန်အောင်မြို့နယ်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ သားသမီး ၄၃၁ ဦး၊ စုစုပေါင်း အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းတွင် ပညာသင်ကြားလျက်ရှိသော ဝန်ထမ်းများ၏ သား၊ သမီး ၂၂၆၆ ဦးတို့အား ပညာသင်ကြားရာတွင် အထောက်အကူဖြစ်စေရန်အတွက် ပညာသင် ထောက်ပံ့စရိတ်ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၅–၂၀၂၆ ပညာသင်နှစ် ရခိုင်ပြည်နယ်အတွင်း အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ၏ သား၊ သမီးများအား ပညာသင်စရိတ် ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ကြသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ်တွင် စစ်တွေမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ မာန်အောင်မြို့နယ်များမှ ဝန်ထမ်းများ၏ သား၊ သမီးများ ပညာသင်ကြားရေးတွင် အထောက်အကူဖြစ်စေရန်အတွက် ပညာသင်ထောက်ပံ့စရိတ်အနေဖြင့် မူလတန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၊ အလယ်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀၊ အထက်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၆၇၈၀၀၀၀၀ ကို ထောက်ပံ့ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

✳ ***ကျောဖုံးမှ***

ရယူနိုင်ခဲ့သည့်အတွက် နယ်သာလန်အသင်း၏ စံချိန်တင် ဂိုးသွင်းရှင် ဗန်ပါစီ၏ သွင်းဂိုး ၅၀ စံချိန်ကို လိုက်မီခဲ့ပြီဖြစ်သည်။ နယ်သာလန်အသင်းသည် နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ် ခြောက်မှတ်ရရှိထားသည်။ ထို့အပြင် နယ်သာလန်အသင်းသည် အဆိုပါ နှစ်ပွဲတွင် ရဂိုး ၁၀ ဂိုးရှိပြီး ပေးဂိုးခွင့်ပြုပေးထားရခြင်း မရှိသေးပေ။

မော်လ်တာအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် လေးပွဲယှဉ်ပြိုင် ကစားထားရာတွင် နိုင်ပွဲရရှိထားခြင်း မရှိသေးပေ။ အဆိုပါ လေးပွဲတွင် တိုက်စစ်က ဂိုးသွင်းယူထားနိုင်ခြင်းမရှိဘဲ ခံစစ်က ၁၁ ဂိုးအထိ ခွင့်ပြုပေးထား ရသည်။ နယ်သာလန်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၅ ရက်တွင် နာမည်ကြီး ပိုလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဥရောပဇုန်ကမ္ဘာ့ဖလား ခြေစစ်ပွဲစဉ်မှ အခြားပွဲစဉ်ရလဒ်များတွင် ဖင်လန်က ပိုလန်ကို နှစ်ဂိုး–တစ်ဂိုး၊ ရိုမေး နီးယားက ဆိုက်ပရက်စ်ကို နှစ်ဂိုး–ဂိုးမရှိ၊ ဩစတြီးယားက ဆန်မာရီနိုကို လေးဂိုး–ဂိုးမရှိ၊ ဆားဘီးယားက အန်ဒိုရာ ကို သုံးဂိုး – ဂိုးမရှိဖြင့် အသီးသီးနိုင်ပွဲရရှိခဲ့ပြီး လတ်ဗီးယားနှင့် အယ်လ်ဘေးနီးယားအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၁**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် စစ်ကိုင်းပညာရေးတက္ကသိုလ်အတွင်းရှိ Grade-12 စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အနီးကပ်စခန်းသွင်းလေ့ကျင့်နေမှုများနှင့် လေ့ကျင့်သင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စာသင်ဆောင်များကို ကျောင်းဖွင့်ရာသီအမီ ပြင်ဆင်ထားရှိမှုများအား လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းမြို့ရှိ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် နေအိမ်အဆောက်အအုံများ၌ အပျက်အစီးများအား စက်ယန္တရားကြီးများဖြင့် မိုးမကျမီ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ စစ်ကိုင်းမြို့ရှိ ပြည်သူများအတွက် တပ်မတော်ရေသန့်စက်ဖြင့် ရေပေးဝေနေမှုနှင့် တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်၊ ထင်းဝန်းရပ်ကွက်၊ ချမ်းအေးသာစံ အလယ်ရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံများ၌ ဖြိုချရှင်းလင်းရန် ကျန်အဆောက်အအုံများအား လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှု၊ ဖြိုချပြီးအပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှု၊ ဖြိုချဖျက်ဆီးဆဲအန္တရာယ်ရှိ အဆောက်အအုံများ၌ စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းရေးဆောင်ရွက်နေမှု၊ အများပြည်သူ အသုံးပြုမှုများသည့် လမ်းမကြီးများ၌ လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး ဆောင်ရွက်ထားရှိမှုများနှင့် အောင်မြေသာစံမြို့နယ် အမရဋ္ဌာနီအရှေ့ရပ်နှင့် အောင်မြေသာစံရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို ကြည့်ရှုစစ်ဆေး၍ ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေများဆက်ကပ်လှူဒါန်းပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စု ရွှေလွန်းကျေးရွာနှင့် ဈေးချိုရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီများနှင့် သာသနိကအဆောက်အအုံများ၌ အပျက်အစီးများအား တပ်မတော်သားများက အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှု၊ စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုနှင့် ပြန်လည်တူးဖော်ရရှိသော ရှေးဟောင်းဌာပနာပစ္စည်းများအား စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ချမ်းမြသာစည်မြို့နယ် သမ္ဗဝတီရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေး၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပင်းယဆောင်တွင် ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် အားပေးစကားများ ပြောကြားသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်နှင့် ကြက်မင်းတွန်ရပ်ကွက်များရှိ ခရိုင်/မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းအိမ်ရာ အဆောက်အအုံများ၊ ဆူးကုန်းရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်ရုံးတို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဆူးကုန်းရပ်ကွက်ရှိ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုများ၊ ကျောက်ဆည်မြို့ စုကြီးရပ်ကွက်ရှိ ကျောက်သေတ္တာစေတီ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများသယ်ယူရန် စတီးကြိုး တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် နေအိမ်အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများအား သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက် ရတနာပုံကျောင်းတိုက်၌ ငလျင်ဒဏ်သင့်ပြီး ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ် ဈေးချိုရပ်ကွက်ရှိ အောင်မြေရွှေဘုံမြတ်စွာဘုရား၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီအပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုအားပေးစဉ်။

---

◎ *ကျောဖုံးမှ*

သမားရိုးကျရောင်းချမှုကနေ ပြောင်းလဲလုပ်ဆောင်ဖို့လိုတာပါ။ ရေထွက်ကုန်တွေကို မွေးမြူမှုနဲ့အတူ အသင့်စား ထုတ်လုပ်နိုင်မယ်ဆိုရင် ပို့ကုန်တန်ဖိုးတွေ မြင့်လာစေမှာပါ။ ရေထွက်ကုန်တွေကို ready to eat၊ ready to cook လုပ်ဆောင်နိုင်ခြင်းအားဖြင့် မွေးမြူသူနဲ့ထုတ်လုပ်သူ အဆင်ပြေစေပြီး နိုင်ငံအတွက်လည်း ပြည်ပဝင်ငွေတိုးမြှင့်ရရှိစေမှာပါ။ ငါးမြစ်ချင်း၊ ငါးခေါင်းပွနဲ့ငါးသလောက်ဆိုရင် ပြည်ပကို နှစ်စဉ်ပို့နေပါတယ်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာ ရေချိုထွက်ကုန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၇၂၂ သန်းကျော်ရရှိခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ ပို့ကုန်တိုးမြှင့်ရရှိဖို့ ကြိုးပမ်းနေကြပါတယ်”ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

မြန်မာနိုင်ငံမှ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဆော်ဒီအာရေးဗီးယားနှင့် အခြားသောနိုင်ငံအချို့သို့ ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန်၊ ငါးခေါင်းပွ၊ ငါးသလောက်နှင့် အခြားငါးမျိုးစုံတို့ကို အဓိကတင် ပို့လျက်ရှိပြီး ရေချိုထွက်ကုန်များကို ရောဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့၌ မွေးမြူထုတ်လုပ်လျက်ရှိရာ တစ်ကန်ဖော်ချိန်၌ အခြားကန်များကို ဆက်လက်မွေးသောစနစ်ဖြင့် မွေးမြူထုတ်လုပ်လျက်ရှိသည်။

“ပြည်ပပို့ကုန်ဆိုရင် လက်ရှိမှာ ငါးမြစ်ချင်းတစ်ကောင်ကို တစ်ပိဿာသုံးဆယ်ကျပ်သားကနေ ခြောက်ပိဿာကျော်အထိ၊ ငါးခေါင်းပွဆိုရင် ရှစ်ပိဿာကျော်အထိ မွေးမြူပြီး တင်ပို့နေပါတယ်။ ပို့ကုန်အတွက်ဆိုရင် တစ်ဧကကို သားပေါက်ကောင်ရေ ၇၀၀ ကနေ ၁၀၀၀ အထိမွေးပါတယ်။ ငါးစုံဆိုရင် ၁၂၀၀ အထိ မွေးပါတယ်။ ဗီယက်နမ်မွေးမြူမှုနဲ့မတူပါဘူး။ ငါးဆိုက်ကြီး မွေးမြူတာဖြစ်တဲ့အတွက် ဂရုစိုက်ရပါတယ်။ အခုရက်ပိုင်း ငါးဈေးကောင်းတယ်၊ ပြည်တွင်းမှာလည်းကောင်းပြီး ပြည်ပပို့ကုန်မှာလည်းကောင်းပါတယ်။ မနှစ်ကငါးကန်တွေရေမြုပ်တာကြုံခဲ့ရတော့ ဒီနှစ် မိုးရာသီမှာလည်း ဂရုစိုက်နေရတယ်။ ပြည်တွင်းစားသုံးမှု ဖူလုံပြီး ပြည်ပပို့ကုန်မှာလည်း နိုင်ငံခြားငွေရတဲ့အတွက် ပိုပြီးဂရုစိုက်ရပါတယ်။ အစာဈေးနှုန်းအခက်အခဲရှိပေမယ့် ပိုမိုထုတ်လုပ်မွေးမြူနိုင်ဖို့ နည်းလမ်းအမျိုးမျိုးနဲ့ ကြိုးစားနေကြပါတယ်”ဟု ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့မှ ငါးမွေးမြူရေး လုပ်ငန်းရှင် ဦးကျော်ကျော်က ပြောသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# မိတ္ထီလာတက္ကသိုလ်၌ စာသင်နှစ်အသီးသီး၏ သင်တန်းများ စတင်ဖွင့်လှစ်



**မိတ္ထီလာ ဇွန် ၁၁**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မိတ္ထီလာတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်(ဒုတိယပညာသင်ကာလ)နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် (ပထမပညာသင်နှစ်ကာလ) ဘွဲ့ကြို၊ဘွဲ့လွန်သင်တန်းများကို ဇွန် ၂ ရက်က စတင်ဖွင့်လှစ် သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

အဆိုပါတက္ကသိုလ်တွင် သင်ကြားပို့ချပေးလျက်သည့် အထူးပြုဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ ဥပဒေပညာ၊ စီးပွားရေးပညာ၊ ပတ်ဝန်းကျင်ဆိုင်ရာပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒနှင့် ဘူမိဗေဒ စုစုပေါင်း အထူးဘာသာရပ် ၁၅ ခုဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



# အောင်လံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကျင်းပ

**အောင်လံ ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ အခွန်ထမ်းလုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းသည့် အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေက အမှာစကားပြောကြားပြီး အောင်လံမြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသိန်းဦးက တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လုပ်ငန်းရှင်များက သိလိုသည်များကို ပြန်လည်ဖြေကြားခဲ့ကြောင်းနှင့် ဆွေးနွေးပွဲသို့ အခွန်ထမ်းလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

# မိုးစပါးစိုက်ပျိုးရေးစီမံကိန်း ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းရရှိစေရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၁၁**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် နိုင်ငံတော်ထောက်ပံ့ငွေတို့ဖြင့် ဆောင်ရွက်သည့် မိုးစပါးစိုက်ပျိုးရေးစီမံကိန်းတွင် ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းရရှိစေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်သမဝါယမဦးစီးဌာန၏ အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် နိုင်ငံတော်ထောက်ပံ့ငွေတို့ဖြင့် မိုးစပါးစိုက်ပျိုးရေးစီမံကိန်းတွင် ပန်းတိုင်ရည်မှန်းချက်ရရှိစေရေး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် သမဝါယမကဏ္ဍအနေဖြင့် နေပြည်တော်ရှိ မြို့နယ် ရှစ်မြို့နယ်ရှိ သမဝါယမအသင်းသားတောင်သူများသို့ တစ်ဧကလျှင် ကျပ် ၂ သိန်းနှင့်ညီမျှသော မျိုး၊ သွင်းအားစု တန်ဖိုးငွေကျပ် ၂၂၈၃ ဒသမ ၉၇၄ သန်းအား သမဝါယမအသင်း/ အသင်းသားတောင်သူများ၏ စိုက်ဧက ၉၁၃၅ ဒသမ ၈၉၆ ဧကအတွက် ပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက အသီးသီး ရှင်းလင်းဆွေးကြပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိများက မြို့နယ်အလိုက် မိုးစပါးစိုက်ပျိုးရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုများနှင့် အခြေအနေများကိုလည်းကောင်း၊ မျိုး၊ သွင်းအားစုများကို ဖြန့်ဖြူးရောင်းချမည့်သူများ၏ လက်လီ၊ လက်ကားအရောင်းဈေးနှုန်းများနှင့် ကျေးရွာဒေသအရောက် ချိတ်ဆက်ရယူမည့် အစီအစဉ်များကိုလည်းကောင်း တင်ပြဆွေးနွေးကြရာ ညွှန်ကြားရေးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ပခုက္ကူမြို့ရှိ အခြေခံပညာကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပခုက္ကူ ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေးလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပခုက္ကူမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီး၏ ညွှန်ကြားမှုဖြင့် ခရိုင်နှင့်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ပခုက္ကူမြို့ရှိ အခြေခံပညာကျောင်း ၁၇ ကျောင်းတို့တွင် ကွင်းဆင်း၍ မိုးရာသီကာလ၌ ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ ကျောင်းဝင်းအတွင်းရှိ ဘုရားပန်းအိုးများနှင့် ရေလှောင်ကန်များအား ဖုံး၊ သွန်၊ လဲ၊ စစ်ဆောင်ရွက်ခြင်း၊ ရေလှောင်ကန်များ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**




# ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဇွန် ၁၁**

ယနေ့ ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှအား အလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၁၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၁-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၂-၆-၂၀၂၅ ရက်နေ့မှ ၁၃-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




# သာစည်မြို့နယ်၌ မိတ္ထီလာ - တောင်ကြီးလမ်းမှ ကြက်မောက် - ဇီးတောလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်

**သာစည် ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ မိတ္ထီလာ-တောင်ကြီးလမ်းမှ ကြက်မောက်-ဇီးတောလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း (၀/၂)မိုင်ခင်းခြင်းလုပ်ငန်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၁၃ ဒသမ ၄၂၈ သန်းဖြင့် လမ်းအရှည် (၀/၂)မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ၁၅ လက်မရှိ ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် မိတ္ထီလာခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်နှင်းနှင်းအိလှိုင်တို့က ကွင်းဆင်းစစ်ဆေးသည်။

သာစည် - ကြက်မောက်လမ်းသည် အရှည်(၃/၆) မိုင်ရှိပြီး ကတ္တရာခင်းခြင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၂၈ ဒသမ ၅၀ သန်းဖြင့် ကတ္တရာခင်းခြင်း(၀/၄)မိုင်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၇၉ ဒသမ ၈၅၆ သန်းဖြင့် ကျောက်ချောခင်းခြင်း(၀/၄)မိုင်၊ ကျန်ရှိနေသော သုံးမိုင်အားလည်း ဘဏ္ဍာရေး နှစ်အလိုက်ရန်ပုံငွေ ရရှိရေး လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် “Thet Zaw Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကွမ်းဆိပ်ကျေးရွာနေ သက်ဇော်ဦးအား ညနေ ၅ နာရီခွဲတွင်လည်းကောင်း၊ ဇွန် ၁၀ ရက်တွင် “Ko Kyi Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တက်သစ်ကျေးရွာနေ ကြည်စိုးလွင်(ခ)ကြည်စိုးအား နံနက် ၉ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “ဧရာဝတီ ဒေါင်းနီ” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာနေ သက်နိုင်ထွန်း(ခ) ဖိုလ်ဒေါင်းနီအား မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀ ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကို နိုင်ငံတကာနှင့်ပူးပေါင်း၍ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူနှိမ်နင်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မဲ့ထော်သလေး (KK Park) နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၁ ဦး၊ တရုတ် နိုင်ငံသား ငါးဦး၊ နီပေါနိုင်ငံသား သုံးဦး၊ အင်ဒိုနီးရှား နိုင်ငံသား တစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၂၀ ကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့သည်။



အဆိုပါ ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက နေ့ချင်းပြီး ဆောင်ရွက်နေမှုအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၃၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၇၅၄ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၈၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်း ဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

သတင်းစဉ်

## မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့က အပြစ်မဲ့အရပ်သားပြည်သူတစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် ပြည်သူနှစ်ဦးတို့အား ဖမ်းဆီးခေါ်ဆောင်



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့မှ ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့အရပ်သား ပြည်သူတစ်ဦး သေဆုံးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇွန် ၁၁**

လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့၊ ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်း၊ လက်နက်ကြီးများဖြင့် အဝေးမှပစ်ခတ်ခြင်း၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်း၊ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိသည့်အပြင် အေးချမ်းစွာနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများကိုပါ ပစ်မှတ်ထားဖမ်းဆီး၍ ခြိမ်းခြောက်ငွေတောင်းခံခြင်း၊ သတ်ဖြတ်ခြင်းများစသော လူသားချင်းမစာနာသည့် လူမဆန်သော အကြမ်းဖက်မှုများနှင့် ရာဇဝတ်မှုများအား ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၁ ရက် နံနက် ၁၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာနေ ဦးဇော်မျိုးသက်(ခ)ကိုသက် (၄၇)နှစ်သည် ရွှေမုဋ္ဌောဘုရားအနီးတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ၎င်းပိုင်ကွမ်းဆိုင်၌ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမားအင်အား ၂၀ က 4WD အမျိုးအစား မော်တော်ယာဉ်တစ်စီး(စိစစ်ဆဲ)၊ ဆိုင်ကယ်ငါးစီးတို့ဖြင့် နွားထိုးကြီးမြို့နယ်ဘက်မှ ရောက်ရှိလာပြီး ဦးဇော်မျိုးသက်(ခ) ကိုသက်အား သေနတ်ဖြင့်ပစ်ခတ်ခဲ့သဖြင့် ၎င်းတွင်ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး အဆိုပါ အကြမ်းဖက်သမားများသည် ရွှေမုဋ္ဌောဘုရား မြောက်ဘက်မုခ်အနီးနေသူများဖြစ်သည့် ဦးကျော်သက် (၅၅)နှစ်၊ ဦးသက်နိုင်ဦး(ခ) သေက် (၄၇)နှစ်နှင့် မလှိုင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အကြီးတန်းစာရေး ဒေါ်ခင်မြင့်ထွေး (၄၀)နှစ်တို့သုံးဦးကို ဖမ်းဆီးခေါ်ဆောင်ကာ တောင်သာမြို့နယ် သံဘို-သန်းတန်းကျေးရွာဘက်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်သမားများ၏ ဖမ်းဆီးခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် အပြစ်မဲ့ပြည်သူနှစ်ဦးအား အမြန်ဆုံးပြန်လည်ကယ်တင်နိုင်ရေးနှင့် ဒေသခံပြည်သူများအား ပစ်မှတ်ထားဖမ်းဆီး၍ ခြိမ်းခြောက်ငွေတောင်းခံခြင်း၊ သတ်ဖြတ်ခြင်းများစသော လူသားချင်းမစာနာသည့် လူမဆန်သော ရာဇဝတ်မှုများအား ကျူးလွန်လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးအတွက် ကလေးသူငယ်များအား ပညာသင်ကြားပေးနေသည့်နေရာသို့ အကြမ်းဖက်သမားအဖွဲ့(စိစစ်ဆဲ)က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးအပါအဝင် လုပ်အားပေး ဆရာမနှင့် ကျောင်းသား ကျောင်းသူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၁၁**

လက်နက်ကိုင် အကြမ်းဖက်သမားများသည် အပြစ်မဲ့ အရပ်သားပြည်သူများနေထိုင်ရာ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများဖော်ဆောင်ခြင်း၊ လက်နက်ကြီး၊ ရှေ့တိုက်ဒုံး၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများအား လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ပိုင်ရပ်ကျေးရွာသို့ အကြမ်းဖက်အဖွဲ့(စိစစ်ဆဲ)က အများပြည်သူ ထိခိုက်စေရန်ရည်ရွယ်၍ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ ပိုင်ရပ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား လုံခြုံရေးအခြေအနေအရ ခေတ္တပြောင်းရွှေ့ စာသင်ကြားပေးနေသည့် အဆိုပါကျေးရွာရှိ ဦးကုလား(စိစစ်ဆဲ)၏ နေအိမ်ရှေ့ မြေကွက်လပ်သို့ လက်နက်ကြီး ဗုံးသီးတစ်လုံး ကျရောက် ပေါက်ကွဲခဲ့မှုကြောင့် ပိုင်ရပ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းမှ ရုံးအကူဝန်ထမ်းဖြစ်သူ ဒေါ်မိသဇင်(၃၆)နှစ်နှင့် ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မောင်ဝေယံအောင်(၈)နှစ်၊ မလရိပ်ချို(၁၀)နှစ်နှင့် မသူဇာအေး (၆)နှစ်တို့ လေးဦးတွင် ဗုံးသီးပေါက်ကွဲစ ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ပိုင်ရပ်ကျေးရွာနေ လုပ်အားပေးဆရာမဖြစ်သူ မမိုးသူဇာ(၂၅)နှစ်နှင့် ကျောင်းသား ကျောင်းသူများဖြစ်ကြသည့် မစိုးစိုးစံ (၅)နှစ်၊ မအေးအေးမိုး (၈)နှစ်၊ မောင်အောင်ကျော်သူ(၄)နှစ်၊ မမျိုးစန္ဒာထွန်း(၆)နှစ်၊ မမျိုးသန္တာဦး(၇)နှစ်၊ မောင်လော်ချမ်း (၇)နှစ်၊ စောစံမြင့်အောင်(၇)နှစ်၊ မရွှေဇင်ထက်(၁၀)နှစ်၊ မယဉ်သူအေး (၉)နှစ်၊ မထွန်းရတနာ(၇)နှစ်၊ မောင်ကောင်းစည်သူစိုး (၇)နှစ်၊ မောင်လင်းလက်အောင် (၇)နှစ်၊ မချစ်မြတ်နိုး(၇)နှစ်၊ မငယ်ငယ်(၇)နှစ်၊ မမေလဝန်း(၇)နှစ်၊ မအိနန္ဒာဖြိုး(၇)နှစ်၊ မသွန်းသွန်းအိမ်စည်လင်း(၉)နှစ်၊ မသီသီဖြိုး(၉)နှစ်တို့ ၁၉ ဦး(ဆရာမ တစ်ဦး၊ ကျောင်းသား ငါးဦး၊ ကျောင်းသူ ၁၃ ဦး)တွင် မိုင်းပေါက်ကွဲစ ထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့၍ တာဝန်ရှိသူများက ဒဏ်ရာရရှိသူများကို ကညင်ကတိုက်ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းနှင့် မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

**ဆန့်ကျင်ကန့်ကွက်လျက်ရှိ**

ထိုသို့ အပြစ်မဲ့အရပ်သား ပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ အကြမ်းဖက်သမားများက တိုက်ပွဲများ ဖော်ဆောင်ခြင်းနှင့် လက်နက်ကြီး၊ ရှေ့တိုက်ဒုံး၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်မှုကြောင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးအပါအဝင် လုပ်အားပေး ဆရာမနှင့်ကျောင်းသား ကျောင်းသူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင် ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လော့စ်အန်ဂျလိစ်မြို့၌ ညမထွက်ရအမိန့် ထုတ်ပြန်




**လော့စ်အန်ဂျလိစ် ဇွန် ၁၁**
မြို့တော်ဝန် ကာရန်ဘတ်စ်သည် လော့စ်အန်ဂျလိစ်မြို့အတွက် ဇွန် ၁၀ ရက်တွင် ညမထွက်ရအမိန့် တစ်ရပ်ကို ထုတ်ပြန်လိုက်ပြီ ဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရက အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများအပေါ် ဖြို့ခွင်းနှိမ်နင်းမှုများနှင့်ပတ်သက်ပြီး ဆန့်ကျင်ဆန္ဒပြမှုများ ဖြစ်ပွားပြီးနောက် အဆိုပါထုတ်ပြန်ချက်ထွက်ပေါ်လာခြင်း ဖြစ်သည်။ ဆူပူအုံကြွမှုများမှာ လော့စ်အန်ဂျလိစ်မြို့တစ်ဝန်း ကူးစက်ပျံ့နှံ့လျက်ရှိသည်။

ဆန္ဒပြသူအချို့သည် တရားဥပဒေစိုးမိုးရေးအဖွဲ့နှင့် ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်ပွားခဲ့ကြောင်း၊ ဇွန် ၉ ရက်ညပိုင်းတွင် မြို့လယ်ကောင်ရှိ စီးပွားရေးလုပ်ငန်းများ လုယက်ဖျက်ဆီးခံခဲ့ရကြောင်း သိရသည်။ ဇွန် ၁၀ ရက်က စီးပွားရေးလုပ်ငန်းများ ထိခိုက်ပျက်စီးခြင်းနှင့် လုယက်ဖျက်ဆီးခြင်းတို့မှ ကာကွယ်ရန် ညမထွက်ရအမိန့်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း မြို့တော်ဝန် ဘတ်စ်က သတင်းထောက်များကို ပြောသည်။

ညမထွက်ရအမိန့်ကို ရက်အတန်ကြာ ဆက်လက်ထုတ်ပြန်ထားဖွယ်ရှိကြောင်း ၎င်းက ဆက်ပြောသည်။ ဆန္ဒပြသူများသည် ဇွန် ၁၀ ရက်တွင် ပဉ္စမနေ့အဖြစ် လမ်းပေါ်ထွက် ဆန္ဒပြခဲ့ကြသည်။ ထို့အပြင် ဆန့်ကျင်ဆန္ဒပြသူများသည် ထရမ့်က အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များ ဖြန့်ကြက်ချထားရန် အမိန့်ပေးခဲ့သည့် ဖက်ဒရယ်အဆောက်အအုံအနီးတွင် ဆက်လက်စုဝေးခဲ့ကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




# လာမည့်နှစ်နှစ်ကျော်ကာလအတွင်း ဂျီအမ် ကားကုမ္ပဏီက အမေရိကန် စက်ရုံများတွင် လေးဘီလီယံရင်းနှီးမြှုပ်နှံမည်

**နယူးယောက် ဇွန် ၁၁**
ဂျန်နရယ်မော်တော်ကား(ဂျီအမ်)ကုမ္ပဏီသည် ထုတ်လုပ်မှုမြှင့်တင်ရန်အတွက် လာမည့်နှစ်နှစ်ကျော်ကာလအတွင်း အမေရိကန်ရှိ ၎င်း၏စက်ရုံများတွင်အမေရိကန်ဒေါ်လာ လေးဘီလီယံခန့် ရင်းနှီးမြှုပ်နှံမည်ဟု ပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့က ကားအစိတ်အပိုင်းပစ္စည်းများအပေါ်တွင် အခွန်စည်းကြပ်မှု နောက်ထပ် ၂၅ ရာခိုင်နှုန်း တိုးကောက်ခဲ့သည့်အတွက် ဂျန်နရယ်မော်တော်ကား ကုမ္ပဏီသည် ပြည်တွင်း၌ ၎င်း၏ထုတ်လုပ်မှုကို တိုးချဲ့လျက်ရှိသည်။ မီချီဂန်၊ ကန်ဆက်နှင့် တန်နက်ဆီပြည်နယ်တို့ရှိ စက်ရုံများတွင် အဆိုပါငွေများကို ရင်းနှီးမြှုပ်နှံသွားမည်ဟု ကုမ္ပဏီက ဇွန် ၁၀ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါကြေညာချက်သည် ဂျီအမ်ကုမ္ပဏီ၏ လတ်တလော ကတိကဝတ်များဖြစ်သော အမေရိကန်တွင် မော်တော်ယာဉ်များ ထုတ်လုပ်ခြင်းနှင့် အလုပ်အကိုင်များပံ့ပိုးပေးရန်ဟူသော အချက်များကို သက်သေပြနေခြင်းဖြစ်ကြောင်း ဂျီအမ်ဥက္ကဋ္ဌနှင့် စီအီးအိုဖြစ်သူ မေရီဘာရာက ပြောသည်။ လွန်ခဲ့သည့်နှစ်အတွင်း ဂျီအမ်ကုမ္ပဏီက ပြည်တွင်း၌ပင် ကားအစီးရေ ၂ ဒသမ ၇ သန်းကို ရောင်းချခဲ့ကြောင်း ပြောသည်။

အဆိုပါ ရောင်းချခဲ့သည့် ကားများအနက် တစ်ဝက်မှာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ကနေဒါနှင့် မက္ကဆီကို နိုင်ငံတို့တွင် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# အစ္စတန်ဘူလ်သို့ ဆီးရီးယားလေကြောင်းလိုင်း ပျံသန်းပြေးဆွဲမှု ပြန်လည်စတင်

**အစ္စတန်ဘူလ် ဇွန် ၁၁**
ဆီးရီးယားလေကြောင်းလိုင်းသည် ၁၂ နှစ်ကြာ ရပ်နားထားသော တူကီယဲသို့ ပျံသန်းပြေးဆွဲသည့် ခရီးစဉ်ကို ပြန်လည်စတင်လိုက်ကြောင်း အစ္စတန်ဘူလ်လေကြောင်း သတင်းထုတ်ပြန်ရေး အဖွဲ့ရုံးက ဇွန် ၁၁ ရက်တွင် ပြောသည်။

ဒမတ်စကတ် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပထမဆုံး လေယာဉ်သည် ဇွန် ၁၀ ရက် ညနေပိုင်းက အစ္စတန်ဘူလ်လေဆိပ်သို့ ဆင်းသက်သည့်အခါ အခမ်းအနားဖြင့် ကြိုဆိုခဲ့သည်။ ဒမတ်စကတ်မှ အစ္စတန်ဘူလ်သို့ ပျံသန်းပြေးဆွဲသည့်ခရီးစဉ်မှာ တစ်ပတ်လျှင် ငါးရက်ရှိကြောင်း အဆိုပါရုံးက ဆင်ဟွာသို့ ပြောသည်။

ယနေ့လေကြောင်းခရီးစဉ်မှာ လမ်းကြောင်းသစ်တစ်ခု၏အစသာမက ဆက်ဆံရေးပြန်လည်စတင်သည့် သင်္ကေတလည်းဖြစ်သည်ဟု အစ္စတန်ဘူလ်လေဆိပ်မှ ညွှန်ကြားရေးမှူး ဖီရက်အိုခါက ပြောသည်။ ယခုနှစ်အတွင်း ဆီးရီးယားလေကြောင်းလိုင်းကို အစ္စတန်ဘူလ်လေဆိပ်နှင့်လက်တွဲသည့် ခြောက်ခုမြောက် မိတ်ဖက်လေကြောင်းလိုင်းအသစ် ဖြစ်လာစေခြင်းသည် ဒေသတွင်းဆက်နွယ်မှုကို မြှင့်တင်ပေးမည်ဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။

အဆိုပါကုမ္ပဏီသည် ဒမတ်စကတ်နှင့် အစ္စတန်ဘူလ်ကြား ခရီးစဉ် ပျံသန်းပြေးဆွဲခြင်းကို ဆီးရီးယား၌ တိုက်ပွဲများကြောင့် ၁၂ နှစ်နီးပါး ရပ်ဆိုင်းထားခြင်းဖြစ်သည်။

**ဆင်ဟွာ**




# ဩစတြီးယားနိုင်ငံ ဂရက်ဇ်မြို့၌ ဖြစ်ပွားခဲ့သည့် ကျောင်းတွင်းပစ်ခတ်မှုကို ကုလအကြီးအကဲ ရှုတ်ချ

**ဗီယင်နာ ဇွန် ၁၁**
ဩစတြီးယားနိုင်ငံ ဂရက်ဇ်မြို့၌ ဇွန် ၁၀ ရက်က ဖြစ်ပွားခဲ့သော ကျောင်းတွင်းသေနတ်ပစ်ခတ်မှုကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ရှုတ်ချကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အန်တိုနီယိုဂူတာရက်စ်သည် ကျောင်းအတွင်း ပစ်ခတ်မှုကြောင့် ထိတ်လန့်ပြီး စိတ်မကောင်းဖြစ်ရကြောင်း၊ အသိဉာဏ်မရှိသော အကြမ်းဖက်မှုအဖြစ် ရှုတ်ချကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူ စတက်ဖိန်ဒူဂျာရစ်က ပြောကြားခဲ့သည်။

ဩစတြီးယားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ဂရက်ဇ်၌ စာသင်ကျောင်းအတွင်းပစ်ခတ်မှုကြောင့် ၁၀ ဦးသေဆုံးခဲ့ပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူအများစုမှာ ကျောင်းသားများဖြစ်သည်ဟု ပြည်တွင်းမီဒီယာတွင် ဖော်ပြထားသည်။

သေနတ်သမားမှာ အသက် ၂၁ နှစ်အရွယ် ကျောင်းသားဟောင်းတစ်ဦးဖြစ်ပြီး ရေချိုးခန်းအတွင်း ၎င်း၏အလောင်းကို တွေ့ရှိခဲ့သည်။ **ဆင်ဟွာ**

# ကမ္ဘာတစ်ဝန်း ကလေး ၁၃၈ သန်းခန့် ကလေးလုပ်သားအဖြစ် လုပ်ကိုင်လျက်ရှိ

**ဂျီနီဗာ ဇွန် ၁၁**
၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းတွင် အသက် ၅ နှစ်မှ ၁၇ နှစ်ကြား ကလေး ၁၃၈ သန်းခန့်သည် ကလေးလုပ်သားအဖြစ် လုပ်ကိုင်နေကြသည်ဟု ကုလသမဂ္ဂအဖွဲ့အစည်းများက ပြောသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် ယူနီဆက်ဖ်တို့သည် ၎င်းတို့၏တွေ့ရှိမှုကို “ကလေးအလုပ်သမား- ကမ္ဘာလုံးဆိုင်ရာ ခန့်မှန်းချက် ၂၀၂၄၊ ခေတ်ရေစီးကြောင်းနှင့် ရှေ့ခရီးလမ်း” ခေါင်းစဉ်ဖြင့် ဇွန် ၁၁ ရက်က ထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များထဲမှ ပန်းတိုင်တစ်ခုသည် ကလေးလုပ်သားများကို ၂၀၂၅ ခုနှစ်တွင် အဆုံးသတ်ရန် တောင်းဆိုထားသည်။

သို့သော် လက်တွေ့တွင်ပါဝင်သူ အများအပြားက ရည်မှန်းချက်ပန်းတိုင်များဖော်ဆောင်ရန် ခက်ခဲလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကမ္ဘာ့အလိုက် ကလေးအများစုသည် စိုက်ပျိုးရေးတွင် လုပ်ကိုင်နေကြပြီး ၆၁ ရာခိုင်နှုန်းရှိသည်။

ဒေသအလိုက် ကလေး ၈၇ သန်းနီးပါး သို့မဟုတ် စုစုပေါင်း၏ သုံးပုံနှစ်ပုံခန့်သည် အာဖရိကဆာဟာရတွင် အလုပ်လုပ်နေကြရသည်။ အာရှ-ပစိဖိတ်ဒေသတွင် လုပ်ကိုင်နေသည့် ကလေးအရေအတွက်မှာ ၂၈ သန်းခန့်ရှိသည်။

ကလေးလုပ်သားများကို ကာကွယ်နိုင်ရေး လုပ်ဆောင်မှုများကြောင့် ကလေးလုပ်သားဦးရေ ကျဆင်းလာကြောင်း အဆိုပါအစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**



## ငှက်ပျောစိုက်ပျိုး ဝင်ငွေတိုး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဥယျာဉ်ခြံမြေသီးနှံတစ်မျိုးဖြစ်သော ငှက်ပျောသီးကိုလည်း စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

ငှက်ပျောမျိုးအနေဖြင့် ဖီးကြမ်းငှက်ပျောမျိုးများကို သားတက်တစ်ပင်လျှင် ငွေကျပ် ၃၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ ပင်ကြားတန်းကြား ခုနစ်ပေခန့်အကွာအဝေးဖြင့် တစ်ဧကလျှင် ငှက်ပျောသားတက်အပင် ၈၀၀ ဝင်ဆံ့စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး တစ်နှစ်ကျော်ခန့်အကြာတွင် ငှက်ပျောခိုင်များကို ခုတ်ယူရောင်းချရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် သိန်း ၂၀ ခန့် ကုန်ကျပြီး ငှက်ပျောခိုင် ၈၀၀ ခန့်၊ လုည်းအစီးရေအားဖြင့် ၂၀ ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ငှက်ပျောပွဲစားများက စိုက်ခင်းသို့လာရောက်ဝယ်ယူ၍ ပွဲစားများမှတစ်ဆင့် ရွှေသိမ်တော်ဘုရား၊ ကျောက်ဆည်၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ ငှက်ပျောပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ အထွက်နှုန်းနှင့် ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ်များရရှိမည်ဖြစ်ကြောင်း ငှက်ပျောစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)

# မြစ်သားမြို့နယ်၌ နေကြာ(မိုး)သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် နေကြာ(မိုး)သီးနှံကို စိုက်ပျိုးထားရှိကြောင်း သိရသည်။

နေကြာ(မိုး)သီးနှံကို မတ်လနှင့်ဧပြီလများတွင် စိုက်ပျိုးကြပြီး ဇူလိုင်လတွင် ထွက်ပေါ်ကြောင်း၊ မျိုးအနေဖြင့် ဆင်းရွှေကြာ (၁-၂)မျိုးနှင့် ရေဆင်းစပ်မျိုး-၁ မျိုးများကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးလျက်ရှိရာ တစ်ဧကလျှင် မျိုးစေ့ ၄-၅ ပြည်ခန့် ကုန်ကျပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၂၅-၂၆ တင်းခန့် ထွက်ရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက ကျောက်ဆည်မြို့ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချပြီး ပွဲရုံများမှ တစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊



ယခုအချိန်တွင် နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ သီးနှံထွက်ပေါ်ချိန်တွင် အထွက်နှုန်းနှင့် ဈေးနှုန်းများ ကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိမည်ဖြစ်ကြောင်း နေကြာသီးနှံစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)

## ဘူးသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုး



လျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ဘူးသီးကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

ဘူးသီးကို ရာသီမရွေးစိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် အသီးများ ခူးဆွတ်ရောင်းချရကြောင်း၊ ဘူးသီးကို စိုက်ပေါင်ပြုလုပ်ပြီး တစ်ကျင်းနှင့် တစ်ကျင်းတစ်ပေခြား၍ စင်တင်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ်ရှစ်သိန်းခန့်ကုန်ကျကြောင်း၊ တစ်ဧကလျှင် ဘူးသီးအလုံးရေ ၆၀၀၀-၈၀၀၀ ခန့်ထွက်ရှိပြီး ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြကြောင်း၊ ဘူးသီးနှံစိုက်ပျိုးခြင်းသည် ဘူးသီးများသာမက ဘူးညွန့်များကိုပါ ရောင်းချရသောကြောင့် အကျိုးအမြတ်များရရှိကြောင်း သိရသည်။

DOCA (မန္တလေး)



## ပဲတီစိမ်း(မိုးကြို)သီးနှံများ လှိုင်လှိုင်ပေါ်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ ပဲတီစိမ်း (မိုးကြို)သီးနှံများကို ကျောက်ဆည်မြို့နယ်တွင် ၃၂၉၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၃၉၆၁ ဧက၊ မြစ်သားမြို့နယ်တွင် ၆၀၇ ဧက၊ စုစုပေါင်း ၇၈၆၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲတီစိမ်း(မိုးကြို) သီးနှံများကို မတ်လတွင် စိုက်ပျိုးကြပြီး ယခုအချိန်တွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ ပဲတီစိမ်းမျိုးအနေဖြင့် ကျောက်စိမ်းမျိုးနှင့် ရေဆင်း- ၁၁ မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ ၅-၆ ပြည်ခန့် ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ငါးသိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပဲတီစိမ်း ၁၀-၁၁ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက ကျောက်ဆည်မြို့ရှိပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချပြီး ပွဲရုံများမှ တစ်ဆင့် မန္တလေးနှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း၊ ပဲတီစိမ်းအထွက်နှုန်းနှင့် ဈေးနှုန်းများ ပိုမိုကောင်းမွန်ပါက အကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်ကြောင်း ပဲတီစိမ်းစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)

## ၁၁-၆-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ သားငါး၊ ရွှေဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲ | မန်ကျီးသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၆၄၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၆၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၇၁၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၁၀၀၀ | ၃၅၀၀၀ | ၃၁၀၀၀ | ၃၆၀၀၀ | ၂၁၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၈၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၄၅၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၈၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၁၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၂၀၀ | ၁၈၀၀၀ | ၇၀၃၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | | ၇၀၀၀ | ၇၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၁၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၈၃၀ | ၁၄၀၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | | ၆၅၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၂၅၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | ၄၄၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၆၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၅၄၀၀ | ၂၁၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၉၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၇၅၀ | ၂၁၀၀၀ | ၆၉၅၀ | ၈၅၀၀ | ၁၈၀၀ | ၉၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၄၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၈၄၀၀ | ၂၉၀၀၀ | ၁၂၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၂၀၀ | ၁၈၀၀၀ | ၇၂၅၀ | ၁၀၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၅၅၀၀ | ၁၅၅၀၀ | ၄၅၀၀ | ၂၂၀၀ | ၁၀၅၀၀ | ၇၇၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၂၉၀၀၀ | ၂၉၀၀၀ | ၁၃၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၉၀၀၀ | ၇၂၇၅ | ၁၂၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၉၄၀၀ | ၆၆၀၀ | ၁၅၀၀၀ | ၄၈၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၆၀၀၀ | ၃၄၀၀၀ | ၃၄၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၃၀၀ | ၁၀၀၀၀ | ၁၃၀၀ | ၁၀၀၀၀ | | ၁၆၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၃၃၀၀၀ | ၁၃၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၇၀၀၀ | ၇၀၇၀ | ၁၁၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၈၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၆၉၅၅ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၅၀၀ | | ၆၈၀၀ | ၉၀၀၀ | ၃၇၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၉၅၅ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၅၀၀ | ၉၀၀၀ | ၆၈၀၀ | ၉၀၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၃၀၀ | | ၆၃၀၀ | ၁၈၆၀၀ | ၆၈၈၅ | ၁၅၈၀၀ | ၁၈၀၀ | ၁၀၄၀၀ | ၁၃၆၀၀ | ၁၁၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၀၀၀၀ | ၆၂၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၅၂၀၀ |
| ၁၉ | နေပြည်တော် | ၃၃၀၀ | | ၆၃၀၀ | ၁၈၈၀၀ | ၆၈၈၅ | ၁၆၀၀၀ | ၂၀၀၀ | ၁၀၆၀၀ | ၁၃၈၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၀၆၀၀ | ၆၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၄၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၅၄၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၂၀၀၀၀ | ၁၁၅၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၃၀၀၀၀ | ၆၀၀၀၀ | ၃၀၀၀၀ | ၄၈၀၀၀ | ၁၈၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း




# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် (ပထမအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၁**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများနှင့် အောင်စိုးမိုး(၁)စစ်မှုထမ်းဟောင်း အိမ်ရာရှိ ကျောင်းသား ကျောင်းသူများအတွက် (ပထမအကြိမ်)ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများနှင့်မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့အပြင် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှု အောက်ရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအား (ပထမအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇွန် ၁၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Fara Myanmar EV Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်္ဂပူမြို့နယ်၌ ဆန်၊ ကြက်ဥနှင့် စားအုန်းဆီများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**အင်္ဂပူ ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးကော်မတီမှ အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ကြက်ဥနှင့်စားအုန်းဆီများကို ယနေ့နံနက်ပိုင်းက မြို့မဈေးရှေ့တွင် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။



ဆန်၊ ကြက်ဥနှင့် စားအုန်းဆီများကိုသက်သာသောဈေးနှုန်းဖြင့် ရောင်းချနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးအောင်ကျော်မိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးနေမျိုးအောင်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံဦးဘိုဘိုနှင့် အင်္ဂပူမြို့ ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ကြည့်ရှု၍ စားသုံးသူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်အတွင်း ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးအတွက် အခြေခံစားသောက်ကုန် ဆင်းသုခဆန်တစ်ပြည် ငွေကျပ် ၂၀၀၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၃၀၀၊ ဆီ ၅၀ ကျပ်သား ငွေကျပ် ၃၅၀၀ နှုန်းတို့ဖြင့် ကြက်ဥ အလုံး ၁၀၀၀၊ စားအုန်းဆီ ၇၅ ပိဿာ၊ ဆင်းသုခဆန် ငါးအိတ်တို့ကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး

**တောင်ကြီး ဇွန် ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ ကလောချောင်းအတွင်း အမှိုက်စွန့်ပစ်ခြင်းများ တားဆီးကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် ယနေ့တွင် ကလောမြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလမင်းသန်းက တစ်ခါသုံးပလတ်စတစ်အပါအဝင် ပလတ်စတစ်နှင့် စွန့်ပစ်ပစ္စည်းများ စည်းကမ်းမဲ့စွန့်ပစ်ခြင်းမရှိစေရေးနှင့် တစ်ခါသုံးပလတ်စတစ်ပစ္စည်းများ သုံးစွဲမှုလျှော့ချရေးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခြင်း၊ ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး ဗီဒီယိုပြသခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့အတူ တောင်ကြီးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကလောမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ တစ်ခါသုံးပလတ်စတစ်သုံးစွဲမှု လျှော့ချခြင်းခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခြင်းပြီး ကလောမြို့မဈေးနှင့် ကလောမြေ Tea House တို့တွင် Recycle Bag နှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**စိုးလင်း (တောင်ကြီး)**

# ပုသိမ်မြို့၌ အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**ပုသိမ် ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ပေါ်ရှိ ပြည်သူများအနေဖြင့် အခြေခံ စားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးစေနိုင်ရန်အတွက် ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက် မြို့သစ်ဈေး၌ ဆန်၊ ဆီနှင့် ကြက်ဥများကို ရောင်းချပေးခဲ့သည်။

ပြည်သူများအား အခြေခံစားသောက်ကုန်များ ရောင်းချပေးရာတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ညွှန်ကြားမှု၊ တိုင်းဒေသကြီး ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆန်တစ်ပြည်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဆန် ၁၀ အိတ်ပြည် ၂၄၀၊ ဆီတစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ နှုန်းဖြင့် ဆီ ပိဿာ ၁၁၀၊ ကြက်ဥ ၁၀ လုံးလျှင် ငွေကျပ် ၃၃၀၀ နှုန်းဖြင့် ကြက်ဥ လုံးရေ ၂၀၀၀ အား ရောင်းချပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**





# ဘီးလင်းမြို့၌ လူငယ်အသိပညာပေး

**ဘီးလင်း ဇွန် ၁၁**

ဘီးလင်းမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပညာရေးဌာနနှင့် ပူးပေါင်း၍ လူငယ်အသိပညာပေး ဟောပြောပွဲများကို ယနေ့မွန်းလွဲပိုင်းက အ.ထ.က(ခွဲ) နှင်းပုလဲ ကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် လူငယ်နှင့် စာပေဖတ်ရှုခြင်း အကြောင်းကို ဆွေးနွေးဟောပြောခဲ့သည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဟိုပုံးမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဟိုပုံး ဇွန် ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီခွဲက နမ့်ဖော်ဟွန်းကျေးရွာအနီး၌ ပြုလုပ်ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက အမှာစကားပြောကြားသည်။



ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စိုက်ပျိုးမည့်ပျိုးပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တပ်ရင်း/တပ်ဖွဲ့ များအတွက် စိုက်ပျိုးမည့် ပျိုးပင်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးအောင်ကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စိုက်ပျိုးမည့် ပျိုးပင်များကို ဒေသခံပြည်သူများထံ ပေးအပ်သည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့နှင့် ဒေသခံပြည်သူများက စုပေါင်းသစ်ပင်စိုက်ပျိုးပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုကြသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

## မက်မန်းမြို့နယ်၌ စိန်ပန်းပြာစိုက်

**မက်မန်း ဇွန် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မက်မန်းမြို့နယ် လမ်းဦးစီးဌာနမှ ကျင်းပသည့် ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၀ က မိုင်းပျဉ်း – မက်မန်း လမ်းမပေါ်ရှိ ၇၅ ကီလိုမီတာမှ ၇၆ ကီလိုမီတာအထိ လမ်းဘေး/ဝဲယာ တစ်လျှောက် အရိပ်ရလေကာပင်များ စိုက်ပျိုးခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မက်မန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် အတွင်းရေးမှူး ရဲမှူးညွန့်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်လမ်းဦးစီးဌာနမှ ဦးပြည်ကျော်ခိုင်နှင့်ဝန်ထမ်းများနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက စိန်ပန်းပြာပင် ၁၅၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ ဆက်လက်၍ မက်မန်း – မိုင်းပျဉ်းလမ်းပိုင်းပေါ်ရှိ ယာဉ်အန္တရာယ်လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ညွှန်ကြားချက်နှင့်အညီ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများအား တစ်ပြေးညီ ပြည့်စုံမှန်ကန်မှုရှိစေရေးတို့ကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အေဇက်ထွန်း(မက်မန်း)**



## ကျိုင်းတုံမြို့နယ်၌ ပျက်စီးခဲ့သည့် လယ်ယာမြေများနှင့် ငါးကန်များအတွက် ငွေနှင့် ငါးသားပေါက်များပေးအပ်

**ကျိုင်းတုံ ဇွန် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ရာဂီမုန်တိုင်းနှင့် ဆက်စပ်သည့် ရေကြီးရေလျှံမှုများကြောင့် ပျက်စီးခဲ့သည့် လယ်ယာမြေများနှင့် ငါးကန်များအတွက် ငွေနှင့်ငါးသားပေါက်များ ပေးအပ်ပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်ထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးနိုးဝေက အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူက ကျိုင်းတုံမြို့နယ်၌ ရာဂီမုန်တိုင်းနှင့် ဆက်စပ်သည့် ရေကြီးရေလျှံမှုများကြောင့် ပျက်စီးခဲ့သည့် လယ်ယာမြေများနှင့် ငါးကန်များအတွက် ငွေနှင့် ငါးသားပေါက်များ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများက ရာဂီမုန်တိုင်းကြောင့် ကျိုင်းတုံမြို့နယ်၌ ပျက်စီးခဲ့သည့် လယ်ယာမြေများမှ စပါးစိုက် တောင်သူများအတွက် တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ၂၂၂ ဧကအတွက် ငွေကျပ် ၂၂၂၀၀၀၀၀ ကို လည်းကောင်း၊ ရာဂီမုန်တိုင်းကြောင့်ပျက်စီးခဲ့သည့် ငါးကန်များမှ ငါးမွေးမြူသူ ၅၅ ဦး၊ တစ်ဧကဒေသ ငါးသားပေါက်ကောင်ရေ ၁၀၀၀ နှုန်းဖြင့် စုစုပေါင်း ၂၁၂ ဒသမ ၆၈ ဧကအတွက် ဒေသငါးသားပေါက်ကောင်ရေ ၂၁၂၆၈၀ ကို လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## အလုပ်ခွင်ထိခိုက်မှုကြောင့်သေဆုံးသူအတွက် အကျိုးခံစားခွင့် ထုတ်ပေး

**သာစည် ဇွန် ၁၁**

သာစည်မြို့နယ် လူမှုဖူလုံရေးအဖွဲ့ရုံး၌ အကျိုးဝင်မှတ်ပုံတင်ထားသော သာစည်မြို့နယ် မြန်မာ့မီးရထားဌာနမှ အာမခံအလုပ်သမား အလုပ်ခွင်ထိခိုက်သေဆုံးသွားသည့်အတွက် ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့် ထုတ်ပေးခြင်း အခမ်းအနားကို ဇွန် ၁၀ ရက်က မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံး၌ ကျင်းပသည်။




အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာ၊ မကျန်းမာမှုအတွက် ဆေးကုသမှု ခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်၊ ကိုယ်ဝန်ဆောင်မှု၊ မီးဖွားမှုအတွက် ဆေးကုသမှု ငွေကြေးအကျိုးခံစားခွင့်နှင့် မီးဖွားစရိတ်၊ အာမခံအလုပ်သမားသေဆုံးမှုအတွက် နာရေးစရိတ်ခံစားခွင့်၊ အလုပ်တွင် ထိခိုက်မှုကြောင့် ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှုနှင့် ကျန်ရစ်သူ ငွေလုံးငွေရင်းအကျိုးခံစားခွင့် စသည့် အာမခံအလုပ်သမားများ ခံစားရမည့် အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး တာဝန်ခံအရာရှိနှင့် မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံးမှ ဦးစီးအရာရှိ ဦးထက်လွင်တို့က သာစည်မြို့နယ် မြန်မာ့မီးရထားဌာနမှ အာမခံအလုပ်သမား ဦးမိုးဝင်းအောင်၏ အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၇၂၀၀၀၀ ကို တာဝန်ရှိသူများနှင့် မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံး ဝန်ထမ်းများရှေ့တွင် သေဆုံးသူ၏ ဇနီး ဒေါ်မူမူသန်းထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပေါင်မြို့နယ်၌ စူဠကဌိန်နှင့်သဘင်အခမ်းအနားကျင်းပ

**ပေါင် ဇွန် ၁၁**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ နိုင်ငံတော်မှ ချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် ၂၀၂၄ ခုနှစ် စာအောင် သံဃာတော်များအား ဂုဏ်ပြုပူဇော်သော စူဠကဌိန်နှင့်သဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းက သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်သံဃနာယကဆရာတော် ဘဒ္ဒန္တစန္ဒောဘာသထံမှ ဩဝါဒကထာ ရရှိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်များနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း၍ ၂၀၂၄ ခုနှစ် စာအောင်သံဃာတော် စုစုပေါင်း ၉၅ ပါးအား ဘွဲ့တံဆိပ်နှင့်ဆုများ ဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**

## လသာမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေးကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပညာပေး ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မိမိတင်ဌေးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းဝင်းတို့ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး လသာမြို့နယ်တွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ"ဟူသောကြေညာချက်ဗီနိုင်းကို ပြည်သူများ သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နန်းသဲနုအောင်(ပြန်/ဆက်)**



## သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်း၊ ကွင်းသရုပ်ပြ

**ညောင်တုန်း ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းခြင်း ကွင်းသရုပ်ပြကို ယမန်နေ့က ဆားမလောက်ကျေးရွာ နည်းပညာပြန့်ပွားရေးစင်တာရှိ တောင်သူ ခုနစ်ဦးတို့၏ လယ်မြေဧက ၅၀ ၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) သုံးစွဲခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို အသိပညာပေးပြောကြား သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**



# ၂၀၂၅ ခုနှစ် မေလအတွင်း (၁၆-၅-၂၀၂၅ ရက်နေ့မှ ၃၁-၅-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေး အခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer– 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | | | | | | |
| | ၃ | International Business Center (IBC)၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | အောင်မြေသာစံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပုသိမ်ကြီးမြို့နယ် | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | ကောင်းမွန် | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | – | ကောင်းမွန် | | | – | ကောင်းမွန် |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | မွန်ပြည်နယ် | | | | | | | |
| | ၁ | သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၀ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | – | – | ကောင်းမွန် | | – | – |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့် နေရာအနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း။

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

( ဂ ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှု ဘဝကို ထိခိုက်စေနိုင်ခြင်း။

## ညောင်လေးပင်မြို့နယ်၌ ပါဠိပထမပြန် စာအောင်သံဃာတော်များအား စူဠဘွဲ့နှင်းသဘင်ကျင်းပ



**ညောင်လေးပင် ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသော သံဃာတော်များအား စာအောင်လက်မှတ်ဆက်ကပ်ပူဇော်ပွဲနှင့် စာအောင်ဆုဆက်ကပ်လှူဒါန်းသည့် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဒက္ခိဏာရာမ အသောကာရုံတောင် ကျောင်းတိုက် ဣန္ဒာသယမ္မောရုံ၌ ကျင်းပရာ မြို့နယ်တောရကြီးကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တစန္ဒဝံသ (အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ) အရှင်သူမြတ်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက သာသနာရေးဆိုင်ရာကိစ္စရပ်များအား လျှောက်ထားတင်ပြသည်။

ထို့နောက် ပါဠိပထမပြန် စာအောင်သံဃာတော် ၆၃ ပါးနှင့် အစိုးရဓမ္မာစရိယ သုံးကျမ်းအောင် သီလရှင်တစ်ပါး စာအောင်လက်မှတ်များနှင့် စာအောင်ဆုအလှူတော်ငွေများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။ **နီနီဝင်း(ပြန်/ဆက်)**

## သန်လျင်မြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇွန် ၁၁**

သန်လျင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်ပညာရေးမှူးရုံးတို့ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရန် ရည်ရွယ်၍ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ဗိုလ်ချုပ်ကျေးရွာအုပ်စု မူလွန်အမှတ်(၁) ကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်က ဌာနဆိုင်ရာများအား ပျိုးပင်များပေးအပ်ပြီး သတ်မှတ်နေရာများတွင် သစ်ပင်များ စိုက်ပျိုးပေးကြသည်။ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးတင့်နိုင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၂၇၀ တက်ရောက်ပြီး ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ခရေ၊ ပျဉ်းမ၊ မန်ကျည်းရှားပျိုးပင်ပေါင်း ၅၀၇ ပင်ကို စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။



**သန်းဝင်း(သန်လျင်)**



## ကျိုက်မရောမြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲ စာအောင်ဆု ဆက်ကပ်လှူဒါန်း

**ကျိုက်မရော ဇွန် ၁၁**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ၂၀၂၄ ခုနှစ် အစိုးရပါဠိပထမပြန် စာမေးပွဲ၌ ဖြေဆိုအောင်မြင်ခဲ့ကြသည့် စာအောင်သံဃာတော်များအား စာအောင်ဆုများ ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့က ဆုတောင်းပြည့်ဘုရားကြီးဝင်းရှိ ဒက္ခိဏာရာမိက ဗိမာန်တော်ကြီး၌ ပြုလုပ်သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး စာအောင်ဆုများကို ဆက်ကပ်သည်။ ထို့နောက် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် လက်ပံရွာသစ်ကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၄ - ၆ - ၂၀၂၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၇)၊ အမှတ် (၂၄) တွင် အဘိုးအိုသည် သူ၏ဖြတ်ထိုးဉာဏ်ဖြင့် သားသုံးယောက်ကို ပညာပေးဆုံးမထားသည်ကို သရုပ်ဖော်ထားသော "ဖန်ကွဲစ သေတ္တာကြီး" မျက်နှာဖုံးကာတွန်း၊ ကမ္ဘာမြေကြီးအကြောင်း၊ ဗဟုသုတရဖွယ် ရေးသားထားသည့် "ကမ္ဘာမြေကြီး၏ အတွင်းပိုင်းတည်ဆောက်ပုံ" သုတဆောင်းပါးကဏ္ဍ၊ ရန်ပိုင်စိုးသိချင်သော "ကောင်းမှုတစ်ခု၊ နေ့စဉ်ပြု"ဆိုသည့်အကြောင်းကို ဦးအောမှ ရှင်းပြထားသည်ကို သရုပ်ဖော်ထားသည့် "ရန်ပိုင်စိုး" နှစ်မျက်နှာကာတွန်း၊ သူ့အမှားကို သိသွားသော သန်းထိုက်မှာ သူငယ်ချင်း ခင်ဇော်အပေါ် တောင်းပန်ထားသည့်အကြောင်းကို ရေးသားထားသည့် "ဖန်ဂေါ်လီလေးတစ်လုံး" ဝတ္ထုကဏ္ဍ၊ ကျောင်းတက်ပျင်းသော ကျော်ကြီးမှာ အောင်ဘု ကျောင်းမတက်ရသည့်အကြောင်းကို စဉ်းစားမိ၍ သူ့အမှားကို သိရှိကာ နောင်တရသွားသည့် အကြောင်း သရုပ်ဖော်ထားသည့် "ကျော်ကြီး" တစ်မျက်နှာကာတွန်း၊ မောင်ကျော်ဟိုး၏ ရိုးသားမှုကြောင့် အလုပ်ရှင် ဇနီးမောင်နှံက "အမွေစား အမွေခံသား" အဖြစ် မွေးစားလိုက်သည့်အကြောင်း ရေးသားထားသည့် "ရိုးသားခြင်းရဲ့ ရလဒ်" ပုံပြင်ကဏ္ဍ၊ ယုန်ကလေး၏ ဉာဏ်ပညာ ထက်မြက်ရဲရင့်မှုကြောင့် ဆင်အန္တရာယ်မှ ကင်းဝေးသွားသည့် သတ္တဝါလေးများ အကြောင်းကို သရုပ်ဖော်ထားသည့် "ယုံအောင်ပြောတဲ့ ယုန်ကလေး" နှစ်မျက်နှာကာတွန်း၊ မွေးရန်နဲ့တို့တွင် မေတ္တာမွေးရန့်သည်သာ အမွေးဆုံးဖြစ်သည်ဆိုသော ပန်းပန်အကြောင်း သရုပ်ဖော်ထားသည့် "ပန်းခရေလို မွှေးပါစေ"နှစ်မျက်နှာကာတွန်း၊ ကျေးလက်ဒေသတွင် ပန်းများ ဝေဝေဆာဆာပွင့်ပုံ၊ ငှက်ကလေး၏ အသံမှာ ချိုသာပုံနှင့် အရုဏ်ဦးမှာ ဆွမ်းလောင်းလှူပုံအကြောင်းတို့ကို ရေးဖွဲ့ထားသည့် "ကျေးလက်နံနက်" ကဗျာ ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း- ၆/၂၀၂၅-၂၀၂၆) အား
## ဖျက်သိမ်းကြောင်းကြေညာခြင်း)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အသုံးမပြုတော့သည့် ၂၀လက်မ ပိုက်လိုင်းဟောင်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားရန်အတွက် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ၂-၆-၂၀၂၅ရက်နှင့် ၃-၆-၂၀၂၅ ရက်များတွင် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပါသည်။

၂။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အဆိုပါပိုက်လိုင်းဟောင်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူခြင်း လုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်ရန်ရှိသဖြင့် အဆိုပါတင်ဒါအား ဖျက်သိမ်းကြောင်းကြေညာအပ်ပါသည်။ တင်ဒါပုံစံဝယ်ယူထားရှိသူများသည် ယခုကြော်ငြာစာပါသည့်အချိန်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် ရုံးချိန်အတွင်း တင်ဒါပုံစံကြေးပေးသွင်းငွေများအား အထောက်အထားနှင့်တကွ လူကိုယ်တိုင် လာရောက်ထုတ်ယူနိုင်ပါသည်။ တင်ဒါပြန်လည်ခေါ်ယူခြင်းကို နိုင်ငံပိုင်သတင်းစာများတွင် ထပ်မံထည့်သွင်းကြေညာပေးသွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ပစ္စည်းစီမံဌာန ဖုန်း-၀၉-၄၅၄၈၃၆၁၄၅နှင့် ပိုက်လိုင်းအင်ဂျင်နီယာဌာန၊ ဖုန်း- ၀၉-၉၅၄၅၄၄၀၅၀သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်ရောင်းချရေးကော်မတီ**

## ဖခင်အမည်မှန်

ပြည်မြို့ အလက(အင်းလျား) ကျောင်း Grade-9 တွင် ပညာသင်ယူနေသော မောင်နေမိုးယံ၏ ဖခင်အမည်မှန်မှာ ဦးမောင်ဦး ၇/ပမန(နိုင်) ၁၅၁၆၃၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးမြို့နယ်၊ အ-ထ-က (စာလေးကွင်း)ကျောင်း Grade-6 မောင်လရောင်ထွန်း ၏ ဖခင်အမည်မှန်မှာ ဦးရဲဝင်းထွန်း ၁၄/ကပန(နိုင်)၂၈၃၂၀၁ ဖြစ်ပါကြောင်း။

**ဦးရဲဝင်းထွန်း**
**၁၄/ကပန(နိုင်)၂၈၃၂၀၁**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ မူလွန်သာယာကုန်းကျောင်း Grade-7 ၌ ပညာသင်ယူနေသော မနေခြည်ဦး ၏ ဖခင်အမည်မှန်မှာ ဦးသိန်းဌေး ၉/သစန(နိုင်)၁၃၄၅၄၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ခရမ်းညောင်ပင်ကျေးရွာမှဒေါ်ခင်သန်းဝင်း (မူ/အုပ်) ၇/သနပ(နိုင်)၁၅၁၂၈၄ ၏ ဖခင် ဦးဝေလရာ၏ အမည်မှန်မှာ ဦးဝေလယာ ဖြစ်ပါကြောင်း။

**ဦးဝေလယာ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/မြောက်)ရပ်ကွက်၊ မြို့မ(၁၃) လမ်း၊ အမှတ်(၈၈)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်(၄/မြောက်)၊ မြေကွက်အမှတ်(၈၈-က)နှင့်(၈၈-ခ)၊ မြေဧရိယာ စုစုပေါင်း (၄၀ပေx၆၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်(၂-ကွက်)နှင့်အိမ်ကို ဝယ်သူပိုင်ဆိုင်ထားသူ ဒေါ်မိမိခိုင် (၁၂/မရက(နိုင်)၀၀၆၅၇၉) မှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေ ဦးဆရာဝါနာ (၁၂/ပဇတ (ဧည့်)၀၀၀၃၀၅)မှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်အိမ်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၇ရက်)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများ ယူဆောင်လာပြီး ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နန်းယုယုအောင် (LLB, D.B.L, D.I.L)** **ဒေါ်ခိုင်ဇင်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၄၅၄)** **အထက်တန်းရှေ့နေ(စဉ်-၅၆၂၁၉)**
**တိုက်အမှတ် (၂၇၉)၊ အခန်းအမှတ် (၆-ဘီ)၊ သုမင်္ဂလာလမ်း၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၇၇၇၂၂၀၀၄၀၊ ၀၉-၂၆၁၄၈၀၀၅၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် - ၃၆ ကော၊ မြေကွက်အမှတ် -၁၁၁ ဂျီ ၁/အေ-၂၊ ဧရိယာ - ၀.၁၄ ဧကရှိ မြေပိုင်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် - ၃၆ ကော၊ မြေကွက်အမှတ် -၁၁၁-ဂျီ-၁/အေ-၃+၁၁၁ဂျီ- ၂/ဘီ(လမ်း)၊ ဧရိယာ - ၀.၀၂၁ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးကျော်ဝင်း(ခ)ချင်ကက်မွန် (ဘ)ရီစွန်တန် (ခ)ဦးသန်း (၁၂/တမန(နိုင်)၀၅၆၈၄၄)၏ အမည်ဖြင့် မှတ်သားထားပါသည်။ အထက်ဖော်ပြပါ ရောင်းချသူ သည် တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားစာချုပ်စာတမ်း၊ စာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့်(ခ)ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/၁၉၉၁)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo(ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉၅၁၃၉၃၀၆**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ (၂၀၂၅-၂၀၂၆) ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ပြည်သူ့ဆေးရုံကြီးများအတွက် လိုအပ်သော Speciality Consumables များနှင့် ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ်-9DMS/2025-2026(L)ဖြင့် ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ဗဟိုဆေးသိုလှောင်ရေးဌာန (ရန်ကုန်)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** | - | (၁၂-၆-၂၀၂၅)ရက်၊ ကြာသပတေးနေ့ |
| **ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ** | - | ဗဟိုဆေးသိုလှောင်ရေးဌာန (ရန်ကုန်)၊ အမှတ် (၅၇)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ |
| **တင်ဒါပိတ်မည့်ရက်နှင့် အချိန်** | - | (၂၆-၆-၂၀၂၅)ရက်၊ ကြာသပတေးနေ့ မွန်းတည့် (၁၂:၀၀) နာရီ |
| **ဆက်သွယ်ရန်ဖုန်းနံပါတ်** | - | ၀၁- ၃၇၁၂၈၄၊ ၀၁-၃၈၄၉၃၇၊ ၀၁- ၃၇၂၃၆၂ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)
## ကျောက်ပန်းတောင်းမြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၆

ဒေါ်နှင်းယုအောင် **နှင့်** ဒေါ်အုံး
**(တရားလို)** **(တရားပြိုင်)**

ကျောက်ပန်းတောင်းမြို့၊ တမ္ပဝတီဈေးသစ်တောင်ဘက်နေ ဒေါ်အုံး (ဘ)ဦးအောင်တင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်နှင်းယုအောင်က အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၇ရက် (၁၃၈၇ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇွန်လ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်သူစိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ကျောက်ပန်းတောင်းမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (၄)၊ ဦးပိုင်အမှတ် ၆၃+၆၄ အတွင်းမှ ခဲစင်းပြ(၆၃) ခဲစင်း၊ ၅၃(စီ)လမ်း၊ ၁၀၂x၁၀၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းဝင်း ၉/အမဇ(နိုင်)၀၁၄၁၁၉၏ (SP ရရှိသူ ဒေါ်စုစုစန်း) က အမှုတွဲအမှတ် (၀၄၁၇/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ် (ဇ-၈)၊ ဦးပိုင်အမှတ်(၄၄-က)၊ ၆၁(A)၊ ၁၁၃x၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စိန်စိန်ဦး ၉/မရတ(နိုင် ၀၂၃၆၃၃က အမှုတွဲအမှတ် (၀၄၁၉/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ရပ်ကွက်၊ အကွက်အမှတ် (ဇ-၈)၊ ဦးပိုင်အမှတ် (၄၄-ခ)၊ ၆၁(A)လမ်း၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်စိန်စိန်ဦး ၉/မရတ(နိုင်)၀၂၃၆၃၃က အမှုတွဲအမှတ် (၀၄၂၀)/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန် သမ္မာန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ - ၁ နှင့် ၅)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၁၈

၁။ ဒေါ်တင်တင်လှ **နှင့်** ဦးသိန်းအောင်
၂။ ဒေါ်သီရိနုလှိုင်
တရားလိုများ တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၁၄) လမ်း၊ အမှတ်(၃၉၅)၊ (၆)လွှာနေ တရားပြိုင် ဦးသိန်းအောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက“ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုဆောင်ရွက်ပေးစေလိုမှု” နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၄)ရက် (၁၃၈၇ခုနှစ်၊ နယုန်လကွယ် ၁၄ ရက်) နေ့မွန်းမတည့်မီ(၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ (၁၁)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှဦး )
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 66W/1043, New Zhineng 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းအေး ၁၄/အဂပ (နိုင်)၁၈၀၇၁၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၇၅၂၆၆, Honda Wave -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှကြည် ၆/လလန(နိုင်)၁၃၇၄၁၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## မွေးသက္ကရာဇ်အမှန်

ဦးတီလ်ခါရ်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ မြို့လှရပ်ကွက်၊ နယ်မြေ (၁၁/၅၀) နေ မစန်းစန်းအေး၏ မွေးသက္ကရာဇ်အမှန်မှာ (၄-၁၀-၁၉၈၄)ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ယင်းမာပင်မြို့၊ (ခ) ရပ်ကွက်မှ ဒေါ်သန်းမြ ၅/ဆလက(နိုင်) ၀၀၄၅၀၈ ၏ မွေးသက္ကရာဇ် အမှန်မှာ ၉-၁၀-၁၉၇၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် အထက(ခွဲ) ငန်းပြား Grade 12 မှ မောင်မျိုးသန့် ၏ ဖခင် ဦးအောင်မြိုင် ၏ အမည်မှန်မှာ ဦးအောင်မိုး ၈/မလန(နိုင်)၀၅၈၄၃၄ ဖြစ်ပါကြောင်း။

**ဦးအောင်မိုး**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ် အထကခွဲ ညောင်လေးပင် Grade-5 ၌ ပညာသင်နေသော မဟေသာ ရွှန်းလဲ့ အစား မဖေသာညိမ်း ဟု ပြောင်းလဲခေါ်ပါရန်။

**မဖေသာညိမ်း**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အကွက်အမှတ်နှင့်အမည် ၅၂/မရမ်းကုန်း၊ ဦးပိုင် အမှတ် ၃၃၊ ဧရိယာ(၀.၀၃၂) ဧကရှိမြေကို မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန(၁-က)စာရင်းတွင် ဦးရဲမင်း(ခ)ဦးရဲနိုင်နှင့် ဒေါ်မိမိ တို့အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးရဲမင်း(ခ)ဦးရဲနိုင်နှင့် ဒေါ်မိမိတို့သည် မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် - ၃၇၆/၂၀၂၄ အရ ဦးအောင်ကိုကိုဝင်းနှင့် ဒေါ်သရဖီလှိုင်တို့အား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဦးအောင်ကိုကိုဝင်းနှင့် ဒေါ်သရဖီလှိုင်တို့သည် ၎င်းတို့တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါအိမ်နှင့်မြေကွက်ကို ၎င်းတို့၏အမည်ဖြင့် အမည်ပြောင်းလဲပေးရန် လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါက ဦးအောင်ကိုကိုဝင်းနှင့် ဒေါ်သရဖီလှိုင်တို့မှ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ်(၇/ခဲလယ်တောင်ရပ်)၊ ဦးပိုင်အမှတ်(၆၄/က)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်အေးနွမ်း ၁၃/လရန(နိုင်) ၀၂၅၀၉၉မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်နေ စောမျိုးဇင် ၃/မဝတ(နိုင်) ၀၈၆၆၈၈၈၏ အမည်မှန်မှာ မောင်မျိုးဇင် ဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးသောင်းစိန် ၃/ဘအန(နိုင်)၂၈၆၄၈၃ ဖြစ်ပါကြောင်း။

**မောင်မျိုးဇင်၊ ဦးသောင်းစိန်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ပခုက္ကူမြို့ အမှတ်(၆)ရပ်ကွက်(၈) လမ်းနေ ဦးခင်မောင်ထူး၏သမီး မကြူကြူစိုး ၈/ပကန(နိုင်)၀၈၅၂၅၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09 401 625 824**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးစောလှထွန်း (၁၂/မရက(နိုင်)၀၁၈၃၆၇)၏ပဲခူးတိုင်းဒေသကြီး၊ ဥသျှောင်မြို့သစ်၊ ရပ်ကွက်ကြီး(၉)၊ စိုက်ပျိုးရေးဇုန်ဦးပိုင်အမှတ်(၆၆-ဃ)၊မြေဧရိယာ (၁.၀၀)ဧကရှိမြေပေးမိန့်နှင့် မြေကွက်လိုင်စင်သည်ပဲခူးမြို့ရေဘေးဖြစ်စဉ်ကာလတွင် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားမှုအပေါ်ကန့်ကွက်လိုပါက ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးစောလှထွန်း**
**အမှတ်(၁၆)ခတ္တာလမ်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၃၅၁၅၉၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၂၁၁၄၄, Honda Wave -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မိုး ၆/ထဝန(နိုင်)၀၀၄၁၆၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၉၁၅၃၃, Honda Click -150, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်အေး ၆/လလန(နိုင်)၁၃၃၂၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ် (၆/ပဒေသာ)၊ ဦးပိုင်အမှတ် (၂၇၈)၊ မြေဧရိယာ ( ၀.၀၅၅) ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်လျှောက်ထားနိုင်ရေး ဒေါ်ဖြူဖြူအောင် ( ၉/သပက(နိုင်)၀၃၆၀၇၆)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ အုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ပတ်စ်ပို့ပျောက်

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ ကျုံလဟာကျေးရွာနေ ကျွန်တော် မောင်ဇော်ရဲမောင် ၁၄/အမန(နိုင်) ၁၃၉၇၁၄၏ နိုင်ငံကူးလက်မှတ် အမှတ် (MF-291629)မှာ ၃-၂-၂၀၂၅ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၀၄၁၄၈၂၅

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်သက်သက်ခိုင်(၉/တကန(နိုင်)၁၈၃၉၈၄)နှင့် ဦးမင်းမင်းစိုး (၉/ရမသ(နိုင်)၁၆၀၃၀၇)တို့သည်(၁၁-၅-၂၀၂၅)ရက်နေ့တွင်အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင် ဦးမင်းမင်းစိုးနှင့် ပတ်သက်သည့် ကိစ္စတစ်စုံတစ်ရာရှိလာပါက ကျွန်မနှင့်သက်ဆိုင်ခြင်း မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သက်သက်ခိုင်

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

ကျွန်တော် မောင်ဒေါင်ဟောင်း ၁/မကန(နိုင်)၁၆၂၇၆၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB 667206) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၈၄၈၈၅၃၀

## မွေးသက္ကရာဇ်အမှန်

လဲချားမြို့၊ ဟိုရင်ကျေးရွာနေ ဦးဖိုးချို၏ သမီး ဒေါ်သိမ့်သိမ့်အိ ၁၃/ လခန(နိုင်)၀၃၇၉၈၄ ၏ မွေးသက္ကရာဇ်အမှန်မှာ (၈-၁-၁၉၉၃) ဖြစ်ပါကြောင်း။

## အမည်ပြောင်း

တောင်ကြီးမြို့နယ်၊ မူလွန်(နောင်ပစ်) Grade-7မှ ခွန်ခမ်းခြိုင် အား ယနေ့မှစ၍ ခွန်ကျော်ဇောဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၄၈၅၅၄, Honda Dream -125, M/C ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၄၄) ထမွဲနဲကွင်း၊ မြေကွက်အမှတ်(၉၂၆+ ၉၂၇+၉၂၈+၉၂၉+၉၃၀+၉၃၁+၉၃၂+၉၃၃)၊ စုစုပေါင်းမြေဧရိယာ သုည ဒသမ ၂၉၂ ဧကအား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၁၇-၁-၁၉၉၈) ရက်စွဲပါစာအမှတ် ၅၄၀/၅-၄/တယက (တနသ်ာရီ)အရ အဆောက်အအုံအဖြစ် အသုံးပြုရန် ဦးစိုးသိန်း(ခ)ဦးရှမ်းဝင်းအား လ/န(၃၉)အမိန့်ချထားပေးခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးရှမ်းဝင်း(ခ)ဦးစိုးသိမ်း ၆/မအရ(နိုင်) ၀၂၇၀၂၃၊ ဦးထင်ကျော်အောင် ၆/မမန(နိုင်)၁၃၁၁၇၂ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြိတ်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၃၄၂၆၆, Honda Click -120, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဖေ ၆/လလန(နိုင်) ၀၁၅၈၄၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၅၁၆၉၁, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝင်း ၆/လလန(နိုင်)၀၈၅၄၀၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/7047, Yamaha Fino M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပိုယု ၆/လလန(နိုင်)၀၀၂၁၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၃/တိုးချဲ့)၊ လူနေရပ်ကွက်အမှတ် (စက်မှုဇုန်)၊ ပြည်ထောင်စုလမ်းနှင့် ဧရာဝတီလမ်းထောင့်၊ မြေကွက်အမှတ် (၂၇၃၂)၊ အကျယ်အဝန်း (၀.၃၆၉)ဧကရှိ ဦးမြင့်သန်း (၁၂/ရကန (နိုင်) ၀၄၆၆၁၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးမြင့်သန်း ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဦးဇော်ထွန်းအောင် |
|---|---|
| LL.B, D.B.L, D.I.L, | LL.B, D.B.L, D.M.L., |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) |

ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၉၁၆၂၂၂၃၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂/တိုးချဲ့) ရပ်ကွက်၊ ဦးဝိစာရလမ်း၊ တိုက်အမှတ် (၁၉၅)၊ အခန်း (မြေညီထပ်) (ညာဘက်ခန်း)၊ အကျယ်အဝန်း (၁၇ပေ × ၅၁ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လဲ့လဲ့ခိုင် (၁၂/ဥကမ (နိုင်) ၁၅၈၇၆၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ကျိုက်ထိုခရိုင်တရားရုံးတော်
### ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၅

ဦးသိန်းဇော် နှင့် ၁။ ကမ္ဘာ့ရတနာဘဏ် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)
၂။ ဦးရဲနိုင်

တရားလို တရားပြိုင်များ

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ ကရင်စုရပ်ကွက်၊ အထက်တန်းကျောင်းလမ်း၊ အမှတ်(၅၈)နေ (၂)တရားပြိုင် ဦးရဲနိုင်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသိန်းဇော်က **"ငွေလွှဲကျပ်ငွေ (၆၄၂၈၅၂၁၅/-) (ကျပ်ခြောက်ရာလေးဆယ်နှစ်သိန်း ရှစ်သောင်းငါးထောင်နှစ်ရာ့တစ်ဆယ့်ငါး ကျပ်တိတိ) ပြန်ရလိုမှု "** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၁ရက် (၁၃၈၇ခုနှစ်၊ ဝါဆိုလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာ တမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင်အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇွန်လ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မွန်ရည်အေး)
ဒုတိယခရိုင်တရားသူကြီး
ကျိုက်ထိုခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### သဃ်န်းကျွန်းခရိုင်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၅၉

ဒေါ်ချိုချိုမြင့် (တရားလို) နှင့် ဒေါ်လှကြည် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ(၁၈)လမ်း၊ အမှတ်(၈၉၉/က)နေ (ယခုနေရပ်လိပ်စာမသိ)သူ တရားပြိုင်ဖြစ်သော ဒေါ်လှကြည် သိစေရမည်။

သင့်အပေါ်၌ တရားလိုက “မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု” လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇွန်လ(၂၀) ရက်၊ (၁၃၈၇ ခုနှစ်၊ နယုန်လဆုတ် (၁၀)ရက် မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ(၁၀)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်လင်းမောင်)
ဒုတိယခရိုင်တရားသူကြီး (၃)
သဃ်န်းကျွန်းခရိုင်တရားရုံး

## အမည်ပြောင်း

ကလောမြို့နယ်၊မူလွန်သာမိုင်းခမ်းကျောင်း Grade-1 မှ မောင်ကျော်ဝဏ္ဏထွန်းအား ယနေ့မှစ၍ မောင်ကောင်းဇေသီဟဟု ပြောင်းလဲခေါ်ဆိုပါရန်။

## မိဘအမည်မှန်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အထက(၂) Grade-12(A)မှ မသန်းစုစုအောင်၏ မိဘအမည်မှန်မှာ ဦးမောင်ထူး ၁၃/တကန(နိုင်)၂၈၃၃၂၃၊ ဒေါ်သန်းဆွေ ၁၃/တကန(နိုင်)၁၈၁၅၁၆ ဖြစ်ပါကြောင်း။

## အမည်မှန်၊ ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ လုံးကောင်ရွာ၊ ပညာဥယျာဉ် ဘ/က ကျောင်း Grade-8မှ ခွန်လင်းထက်၏ အမည်မှန်မှာ ခွန်ကျော်ဝင်း ဖြစ်ပြီး ဖခင်အမည်မှန်မှာ ခွန်ထွန်းရင် ၁၃/ဟပန(နိုင်)၀၅၉၇၄၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ KJG ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ နန်းဟွမ်အေး၏ ဖခင်အမည်မှန်မှာ ဦးခွန်ရွှေလေး ၁၃/တကန(နိုင်)၁၄၂၁၂၄ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကလွင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၄၄) ထမွဲနဲကွင်း၊ မြေကွက်အမှတ်(၉၀၈+၉၀၉+ ၉၁၀+၉၁၇+၉၁၈)၊ စုစုပေါင်းမြေဧရိယာ ၀ ဒသမ ၁၇၄ ဧကအား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၁၇.၁.၁၉၉၈) ရက်စွဲပါစာအမှတ်၊ ၅၄၀/၅- ၄/တယက(တနသ်ာရီ) အရ အဆောက်အအုံအဖြစ် အသုံးပြုရန် ဦးစိုးသိန်း(ခ)ဦးရှမ်းဝင်းအား လ/န(၃၉) အမိန့်ချထားပေးခဲ့ပါသည်။ အဆိုပါမြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးရှမ်းဝင်း(ခ)ဦးစိုးသိမ်း၊ ၆/မအရ(နိုင်)၀၂၇၀၂၃၊ ဦးထင်ကျော်အောင် ၆/မမန(နိုင်)၁၃၁၁၇၂တို့မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြိတ်မြို့

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ကျိုက်ထိုခရိုင်တရားရုံးတော်
### ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၆

ဒေါ်တိုးတိုးဟန် နှင့် ၁။ ကမ္ဘာ့ရတနာဘဏ် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)
၂။ ဦးရဲနိုင်

တရားလို တရားပြိုင်များ

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ ကရင်စုရပ်ကွက်၊ အထက်တန်းကျောင်းလမ်း၊ အမှတ်(၅၈)နေ (၂)တရားပြိုင် ဦးရဲနိုင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တိုးတိုးဟန်က **"ငွေလွှဲကျပ်သိန်း(၂၇၀) (ကျပ်သိန်းနှစ်ရာ ခုနှစ်ဆယ်တိတိ) ပြန်ရလိုမှု "** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၁ ရက် (၁၃၈၇ခုနှစ်၊ ဝါဆိုလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇွန်လ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မွန်ရည်အေး)
ဒုတိယခရိုင်တရားသူကြီး
ကျိုက်ထိုခရိုင်တရားရုံး

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမြဦး ပိုင်ဆိုင်သော မြတ်ထိုက်သူ (၁) (ရညန/ရော ၃၉၂) ၏ မြင်း ၂၀ အထက် ကုန်စည်ပို့ဆောင်ခွင့် လုပ်ငန်းလိုင်စင်အပိုင်း (၂) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၅၉၀၉၅၆

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ မစိန်ကျေးရွာနေ (ဘ) ဦးဇင်လှိုင် ၅/ကလဝ(နိုင်)၀၃၆၂၅၀ ၏သမီး၊ ကလေးမြို့ YCW ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 မှ မချမ်းမြေ့ဇင်အား မချမ်းမြေ့သဇင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မချမ်းမြေ့သဇင်

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့၊ အထကကျောင်းမှ မချော အိအိသွယ် Grade-12 ၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းဝင်း ၅/မကန(နိုင်)၀၄၉၈၆၀ ဖြစ်ပါကြောင်း။

ဦးဇော်မင်းဝင်း

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ အထက ကောယားကျောင်းမှ မကေဇင်ဖြူ G-9 မောင်မြတ်နှင်းမောင် G-3၊ မောင်ဝင်းကို G-2၊ မောင်သိန်းဝင်းကို G-1 တို့၏ ဖခင်အမည်မှန်မှာ ဦးလူတင် ၅/ဟမလ(နိုင်)၀၈၃၃၉၇ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြတ်ရတနာအိမ်ရာ၊ ဖွံ့ဖြိုးရေးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-မြို့ကွက်သစ်၊ မြေကွက်အမှတ်(၂၇၃)၊ ဧရိယာ(၀ဒသမ၀၃၁)ဧကအကျယ်ရှိ (ခေါင်းရင်းခြမ်း) ဦးခင်မောင်တင့် အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးသုမောင်မောင် ၁၀/မလမ(နိုင်)၁၆၆၆၅၈ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်စိုးမိုး ၁၂/ သကတ(နိုင်)၁၃၇၈၇၃က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးဇာနည်(LL.B,D.B.L) | ဒေါ်ခင်သီတာမြင့်အောင်(LL.B) |
|---|---|
| (စဉ်-၁၄၆၆၈) | (စဉ်-၅၂၀၆၄) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၅) ရပ်ကွက်၊ ချမ်းမြသာစည်လမ်း၊ မြေကွက်အမှတ် (၈၅၄)၊ အကျယ်အဝန်း (၄၀' x ၆၀') ပေ အကျယ်ရှိ ဦးထွန်းရင်၊ ဒေါ်သန်းတင် အမည်ပေါက်သည့် မြေချပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အား မျက်နှာမူပါက (ဝဲဘက်ထောင့်ဆုံး)ခြမ်းအမှတ် (၈၅၃)နှင့်ကပ်လျက်၊ အကျယ်အဝန်း (၁၀' x ၆၀' )ပေ အကျယ်ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ထပ် အိမ်တစ်လုံး အပါအဝင် အကျိုးခံစားခွင့်အားလုံးကို စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးစန်းယု (၇/ကတခ(နိုင်)၀၇၈၇၂၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးသန္တာဖြိုး (၁၂/မရက(နိုင်)၁၄၁၂၇၂)က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ အချို့အဝက်အား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးကျော်ဇောဝေ (LL.B) | ဒေါ်ဝင်းပပအောင် (LL.B) |
|---|---|
| အထက်တန်းရှေ့နေ (စဉ်-၅၀၈၈၀) | အထက်တန်းရှေ့နေ (စဉ်-၅၁၁၂၆) |

အမှတ် (၉၃/က)၊ ဒုတိယထပ်၊ သုတလမ်း၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉-၇၅၀၀၆၅၇၉၉၊ ၀၉-၇၇၇၄၇၃၄၄၅

## ဦးမြင့်သိန်း (၁၂/သကတ(နိုင်)၀၅၂၈၈၅) နှင့် ဒေါ်လှသန်း ( TKA -၀၁၉၄၆၉)(၁၂/သကတ(နိုင်)၀၈၇၈၈၀) သိရှိစေရန်

လူကြီးမင်းတို့ (၂)ဦးအမည်ပေါက်ပိုင်ဆိုင်သောရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ အောင်မြေရတနာလမ်း၊ အမှတ်(၅၃၉)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် (၅၃၉)၊ ဧရိယာ (၀.၀၅၅) ဧကရှိ နှစ်(၆၀) မြေငှားဂရန် မြေအမျိုးအစား မြေကွက်နှင့်အိမ်အပါအဝင် ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသည့်(၁) ဦးကျော်စိုးသူ (၁၂/ဥကတ(နိုင်)၁၃၉၅၆၄)၊ (၂)ဒေါ်ဆုမွန်ရည် (၁၂/သကတ(နိုင်)၁၅၁၃၄၆)၊ (၃)ဒေါ်မိုးမိုးဟန် (၁၂/သကတ(နိုင်)၁၈၈၃၁၂)တို့ (၃)ဦးမှ အရောင်းအဝယ် အရပ်စာချုပ်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများမှ အဆိုပါမြေကွက်နှင့်အိမ်အား ၎င်း၏အမည်ပေါက်ပြောင်းလဲရန်အတွက် တရားဝင်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် လိုအပ်လာပါသဖြင့် လူကြီးမင်းမှ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပေးပါရန်နှင့် သတ်မှတ်ရက်တွင် လူကြီးမင်းမှ လာရောက် ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်း တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၂၄၆၈)
အမှတ် - ၁၂၉၇ / အေ၊ ဇာတိဂုဏ်လမ်းမေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း- ၀၉ - ၄၂၀၀၅၇၄၉၈

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ (၂၂)ရပ်ကွက်၊ အကွက်အမှတ်/အမည်(၇/မင်းကြီးညီတောင်)၊ ဦးပိုင်အမှတ်(၂၈၄/1007)၊ ဧရိယာ (၀.၀၉၂) ဧကအား ဦးအင်ဖြူးနီနီ အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဦးအင်ဖြူးနီနီ အမည်ဖြင့် မြေငှားဂရန် ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ (၉)ရပ်ကွက်၊ အကွက်အမှတ်/အမည်(၂/ထီးလှိုင်)၊ ဦးပိုင်အမှတ်(၈-ဃ)၊ ဧရိယာ (၀.၁၁၅)ဧကအား ဒေါ်လွင်လွင်မိုး အမည်ဖြင့် သက်တမ်းတွင်း/ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဒေါ်လွင်လွင်မိုး အမည်ဖြင့် မြေငှားဂရန်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/7781, CDW 757 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်အောင် ၉/ပမန(နိုင်)၁၃၇၇၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ ဗေယျာအေးမြ(၂)လမ်း၊ မြေကွက်အမှတ် ၃၈၇/ကရှိ (၂၀ပေ x ၆၀ပေ)ကျယ်သော နှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန (မြို့မြေစာရင်း)တွင် ဦးထွန်းကျော် ၁၂/ဥကတ(နိုင်)၁၀၄၄၅၇ အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူလက်ဝယ်ထားရှိသူ ဒေါ်ပိုးအိဖြူ ၁၂/ဒဂရ(နိုင်) ၀၁၅၁၁၃က အရှုပ်အရှင်းကင်းရှင်းကာ မိမိတွင်သာ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မို့မို့ခိုင် ၅/ဘတလ(နိုင်) ၀၆၁၄၉၂က အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ထက်ထက်အောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၈)
အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း -၀၉-၄၂၃၇၃၆၁၆၈

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ဃ/၅၃၈၂၇, Honda Dream ND 125M M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်းဦး ၁၄/မအပ(နိုင်)၀၁၆၀၅၅၈ က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

